ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓမ္မပဒ(ပိယဝဂ်-၂၁၇)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 1 September 2025 ၁၁၉၂၇

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တွေ့ဆုံပွဲကျင်းပ

## နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေ

## နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်

နေပြည်တော် ဩဂုတ် ၃၁

မြန်မာ-တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ Tangla Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး**



စာမျက်နှာ » ၇

**နိုင်ငံတော် ရွှေသီးဖို့ လိုက်ဘာရီကာကော်ဖီ စီးပွားဖြစ် စိုက်ပျိုးကြပါစို့** ဆောင်းပါး စာမျက်နှာ » ၁၀

**မိတ္ထီလာမြို့၌ (၁၄၂) ကြိမ်မြောက် သမိုင်းဝင် ကရဝိက်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲကျင်းပ**

စာမျက်နှာ » ၁၁

# မြန်မာနိုင်ငံဂုဏ်သိက္ခာမြင့်မားရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင်းပင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဩဂုတ်လ ၃၀ ရက်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ တီယန်ကျင်းဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံအကြားကောင်းမွန်သည့်ဆက်ဆံရေးကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရေးအစဉ်အလာမပျက် ခိုင်မာသည့်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အမြဲထောက်ခံ ရပ်တည်အားပေးလျက်ရှိသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ဆောက်မှုများကိုလည်း ထောက်ခံပြီး မြန်မာပြည်သူလူထု ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံအေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက်ရှိသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ယာယီသမ္မတက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ OBOR စီမံကိန်းနှင့် မြန်မာ့စီးပွားရေးစင်္ကြံ (CMEC) ၌ ပါဝင်သည့်စီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝသယံဇာတများအား အကျိုးရှိစွာအသုံးပြုနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေးရပ်တည်ချက်အပေါ် အထူးအလေးထားမှုနှင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ၂၀၂၅ ခုနှစ် မေလတွင် မော်စကိုမြို့၌ တရုတ်-မြန်မာ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့သည့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၌ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကိုဆန့်ကျင်မှု၊ တရုတ်-မြန်မာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သော ရပ်တည်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့၌ မြန်မာနိုင်ငံအနေဖြင့် သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ရေးကိစ္စရပ်များအား ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ် မေလတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO)၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာပြီး အစည်းအဝေးများ စတင်တက်ရောက်ခဲ့သည်။ SCO အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးကို တရုတ်နိုင်ငံက ထောက်ခံအားပေးခဲ့ပြီး ဆက်လက်ထောက်ခံလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေး (၂၀၂၅) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်အသိအမှတ်ပြုရန် တရုတ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးညီလာခံသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် ညီလာခံဖြစ်သည်။

မြန်မာနိုင်ငံနှင့် တရုတ်နှစ်နိုင်ငံ၏ထူးခြားချက်မှာ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် အတူတကွပေါ်ပေါက်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ဖက်ဆစ်တော်လှန်ရေး အနှစ်(၈၀)ပြည့်မြောက်သလို မြန်မာနိုင်ငံအနေဖြင့်လည်း ဖက်ဆစ်ဂျပန်ကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်တော်လှန်ခဲ့သည်။ မြန်မာ့တပ်မတော်၏ တပ်မတော်နေ့ကို ဖက်ဆစ်တို့အား တော်လှန်ခဲ့သည့် မတ်လ ၂၇ ရက်နေ့၌ နှစ်(၈၀)ပြည့်အခမ်းအနားကျင်းပခဲ့ပြီး ယခု တရုတ်နိုင်ငံ၏ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်အသိအမှတ်ပြုခြင်းသည် နှစ်နိုင်ငံစလုံးအတွက် ဂုဏ်ယူဝမ်းမြောက်စရာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ ပြည်သူများအတွက် နှစ်နိုင်ငံထပ်တူကျသည့် အောင်မြင်မှုများဖြစ်ထွန်းခဲ့သလို နှစ်နိုင်ငံနှစ်ပေါင်းရှည်ကြာခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ခိုင်မာဖြစ်ထွန်းလျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ခေါင်းဆောင်သည့် အလုပ်သဘောခရီးစဉ်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအားကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထား ပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ် သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ် အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ၂၀၂၅ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “နိုင်ငံ့စီးပွားတိုးတက်ရေး ကျွမ်းကျင်လုပ်သား တန်ဖိုးမြှင့်တင်ပေး” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဩဂုတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ- အင်္ဂလိပ်ဘာသာစကား) တို့၏ “နိုင်ငံ့စီးပွားတိုးတက်ရေး ကျွမ်းကျင်လုပ်သားတန်ဖိုးမြှင့်တင်ပေး” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ ညီညီဖေ၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ပါမောက္ခဦးသိန်းလှိုင်တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်း၊ ဒေါက်တာ သန်းထွဋ်တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ စိန်ဝင်းနွယ်၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါး၊ မြသိန်း၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)၊ ခင်မောင်အေးတို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ရွှေသင် (MPP)၊ မြင့်မောင် (Phil-Q) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု) ၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ကိုကိုအောင် (အလုပ်သမား)၊ ဒေါက်တာ သိန်းဝင်း၊ ရှင်စောဖြူတို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ စိုးစိုး (ပန်းတောင်း)၊ ကြည်လွင်ဦး (ရေနံ)၊ ဒေါက်တာ စန်းဦး၊ စိန်ဝင်းမော်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၁၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၃၁ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၂၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား ဆွေးနွေးပြောကြားကြစဉ်။

★ **ရှေ့ဖုံးမှ**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မြန်မာ-တရုတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးပြောကြား**

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Myanmar-China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများကို နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် (၂) နေရာတွင် ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာ အားကောင်းနေသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့် စိုက်ပျိုးရေး ထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည် ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များ အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှပါဝင်နေကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကို တိုက်ရိုက် အထောက်အကူ ပြုနေခြင်းကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်စေရန် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသ မတည်ငြိမ်မှုများကြောင့် ယူနန်စီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှ တစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသ၊ ကွမ်ရှီး ပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေး လမ်းကြောင်းအား တိုးချဲ့ ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံလုံးအတွက် အဓိကကုန်သွယ်ရေး လမ်းကြောင်း ဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား (Landbridge) အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများကိုလည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထားပူးပေါင်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မူဆယ်-မန္တလေး မီးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူမီးရထားလမ်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။ **စာမျက်နှာ ၄ သို့** ✦

**☆ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေ**

**☆ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Myanmar-China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာကောင်းများကို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတို့သည် သိသာထင်ရှားစွာတိုးတက်လာခဲ့**




မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း(CASME)တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး လဲလှယ်စဉ်။

**☆ နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်မည်**

**☆ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထား ပူးပေါင်းဆောင်ရွက်သွားရမည်**

✦ စာမျက်နှာ ၃ မှ

မန္တလေး-မူဆယ် မီးရထားလမ်းသည် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့မှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကုန်သွယ်ရေးအချက်အချာဖြစ်သည့် မန္တလေးမြို့ကို ချိတ်ဆက်ဖောက်လုပ်မည့် အမြန်ရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံတွင် ဆောက်လုပ်လျက်ရှိသည့် ပေကျင်း-ကူမင်း-ရွှေလီ အမြန်ရထားလမ်းပိုင်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း၊ မူဆယ်မြို့သည် တရုတ်-မြန်မာ ကုန်သွယ်ရေးတွင် အရေးပါဆုံးသော နယ်စပ်ဂိတ်တည်ရှိရာမြို့ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေးတန်ဖိုးပေါင်း အမေရိကန်ဒေါ်လာသန်း ၃၂၀၀ ကျော်ရှိသည့်အနက် သန်း ၂၀၀၀ ကျော်သည် မူဆယ်-ရွှေလီနယ်စပ်ဂိတ်မှ ကုန်စည်စီးဆင်းမှုဖြင့် ရရှိခြင်းဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါမီးရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းရှိ ပင်လယ်ထွက်ပေါက်မရှိသည့် တောင်ပိုင်းပြည်နယ်များကို မြန်မာနိုင်ငံမှတစ်ဆင့် ပင်လယ်ထွက်ပေါက်ရရှိစေနိုင်သော အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး ရထားလမ်းသည် ကျောက်ဖြူ-ကူမင်း မီးရထားလမ်း စီမံကိန်းကို အကောင်အထည်ဖော်ခြင်း၏ ပထမခြေလှမ်းဖြစ်ပြီး ကျောက်ဖြူ-ကူမင်း မီးရထားလမ်းစီမံကိန်း၏ အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်အဖြစ် ပုံပေါ်လာနိုင်မည့်အလားအလာရှိသော အခွင့်အလမ်းကောင်းများ ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများ ဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများ ပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ထို့ပြင် အဆိုပါမီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေး ကောင်းမွန်လျက်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှား သုံးနိုင်ငံပူးပေါင်းပြီး ကုန်သွယ်ရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်စည်စီးဆင်းမှုကိုလည်း များစွာ အထောက်အကူပြုနိုင်သည့် အခွင့်အလမ်းကောင်းများ ထွက်ပေါ်လာနိုင်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ် (ACFTA)နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြားအပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာ တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်း (Belt and Road Initiative-BRI)မှာ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ပိုးလမ်းမကြီးစီးပွားရေးရပ်ဝန်းနှင့် (၂၁) ရာစု ရေကြောင်းပိုးလမ်းမကြီး ကနဦးအစီအစဉ်မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် အဆိုပါစီမံကိန်းတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့် ရေကြောင်း လမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဆိုပြီး မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှု ပိုးလမ်းမသစ် (Silk Road Economic Belt) နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာ ဆက်သွယ်မှု ပိုးလမ်းမ (Maritime Silk Road) ဆိုပြီး သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းမှာ အပြည်ပြည်ဆိုင်ရာစင်္ကြံ ခြောက်ခုပါရှိပြီး မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်း (၂)မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း။

အဆိုပါစီမံကိန်း ခြောက်ခုမှာ မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်းလည်း အပါအဝင်ဖြစ်ပြီး မိမိတို့အနေဖြင့် စီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မီးရထားလမ်းစီမံကိန်းသည် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့်အပြင် BRI စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုနေကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံလုံးအတွက် များစွာအထောက်အကူပြုသည့် စီမံကိန်းဖြစ်သည့်အတွက် အဆိုပါ စီမံကိန်းကို အမြန်ဆုံး ပြီးမြောက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်(Global Development Initiatives-GDI) တွင် ပါဝင်သည့်ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေခြင်းကြောင့် မိမိတို့ မြန်မာနိုင်ငံသည် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်တရုတ်မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရန် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပြီး ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကိုသိသာစွာပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလတွင်မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှု အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်မြေအောက်၊ ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းလိုက်ပါက နှစ်နိုင်ငံအတွက် သိသာသည့် ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ကဲ့သို့သော စီးပွားရေးဈေးကွက်ကြီးမားသည့် နိုင်ငံများနှင့်လည်း နီးကပ်စွာ မဟာဗျူဟာ အချက်အချာကျကျ တည်ရှိနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် တရုတ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ »»

**☆ တရုတ်နိုင်ငံ၏အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

**☆ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိ**

**☆ လက်ရှိတွင် မူဆယ်-မန္တလေး မီးရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူ မီးရထားလမ်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

»»» စာမျက်နှာ ၄ မှ

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား အသီးသီး ဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်နိုင်ငံကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအားသိရှိလိုမှု၊ မြန်မာနိုင်ငံ၌ EV ကားများ တပ်ဆင်ထုတ်လုပ်နေမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးချဲ့ဆောင်ရွက်လိုမှုနှင့် အခွန်နှုန်းထားများအား သိရှိလိုမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် စွန့်ပစ်အမှိုက်များ အသုံးပြု၍ စွမ်းအင်ထုတ်လုပ်ခြင်း လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုမှု၊ မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေး လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍ မြှင့်တင်နိုင်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုမှု၊ သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဆောင်ရွက်လိုမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအားသိရှိလိုမှု၊ နှစ်နိုင်ငံစီးပွားဆက်သွယ်မှု လမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန်လိုအပ်မှု၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်မှု၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့် အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြား ဆွေးနွေးပေးသည့်အတွက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အထူးပင် ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြသည်။

**သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက အသီးသီးပြန်လည် ဆွေးနွေးပြောကြား**

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့် ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့်သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၌ EV ကားများအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိမှု၊ EV ကားများ၏ သွင်းကုန်လိုင်စင်နှင့် ပတ်သက်၍လည်း အခွန်ကင်းလွတ်ခွင့်ပေးထားမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိမှု၊ စွမ်းအင်နှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်စွမ်းအားနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

**ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြား**

ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် လက်ရှိအချိန်၌ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် EV ကားများကို လက်ရှိအချိန်တွင် တင်သွင်းခွင့်ပေးထားပြီး SKD စနစ်ဖြင့် ထုတ်လုပ်ရောင်းချခွင့်ပြုထားကြောင်း၊ နောင်အနာဂတ်တွင် ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်အခများ လျှော့ချနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ သီလဝါစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံ ထုတ်လုပ်ခြင်းနှင့် မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ပြန်လည် တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မိမိအနေဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လောင်စာဆီသုံးစွဲသည့် မော်တော်ယာဉ်များ လျှော့ချပြီး လျှပ်စစ်ကားများ အသုံးပြုမှု တိုးမြှင့်နိုင်ရေးသည် မိမိ၏ ရည်မှန်းချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ EV ကားထုတ်လုပ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားလိုကြောင်း။




မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်စဉ်။

သတ္တုတူးဖော်မှုအဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် သဘာဝသယံဇာတ ပစ္စည်းများအား ကုန်ကြမ်းအဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းကို ခွင့်မပြုထားသော်လည်း ကုန်ချောအဖြစ် ထုတ်လုပ်၍ တင်ပို့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ သယံဇာတများ ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လိုပါက မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးသွားရန် ဖိတ်ခေါ်ပါကြောင်း။

စွမ်းအင်ကဏ္ဍနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းများအတွက်လည်း လာရောက်ဆွေးနွေးနိုင်ကြောင်း၊ မိမိအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကို ပထမ ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး Waste To Energy ကိုလည်း ဒုတိယဦးစားပေးအနေဖြင့် စိတ်ဝင်စားကြောင်း၊ သို့သော် ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို အဓိကထား တင်ပို့လျက်ရှိကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့တွေ့ဆုံပွဲအခမ်းအနား၌ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆွေးနွေးသွားကြသည်ကို တွေ့ရကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုများ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး ထုတ်ကုန်များကို အဓိကထား ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့နိုင်သည့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေး ကောင်းမွန်သည့် ပေါ်ဆန်းမွှေးကဲ့သို့ ဆန်အမျိုးအစားများလည်းရှိကြောင်း။

ယနေ့ တွေ့ဆုံဆွေးနွေးမှုများသည် အောင်မြင်သည့်တွေ့ဆုံဆွေးနွေးမှုပင်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီးနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ချိန်၌လည်း အောင်မြင်မှုရှိသည့် တွေ့ဆုံဆွေးနွေးမှုများရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်နိုင်ငံအတွက် လိုအပ်သည့်ပစ္စည်းများကို မြန်မာနိုင်ငံမှ တင်ပို့၍ရနိုင်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှာ ကာလရှည်ကြာရှိပြီဖြစ်ပြီး လက်ရှိအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေခြင်း ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် စိတ်ပါဝင်စားပါက မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးဆောင်ရွက်နိုင်ကြောင်း၊ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ပြီး နှစ်ဖက်အကျိုးဖြစ်ထွန်းမှုများကို ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ အဖွဲ့ ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ပြီး မိမိ ရောက်ရှိသည့် အချိန်တိုင်း တိုးတက်ပြောင်းလဲမှုများရှိသည်ကို မြင်တွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မြန်မာနိုင်ငံ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိတ်ဆွေနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်သဖြင့်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ အစွမ်းကုန် မြှင့်တင် ဆောင်ရွက်နိုင်ရေး အဆွေတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ဖိတ်ခေါ်ပါကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် မြန်မာ့ရိုးရာအစားအစာ တစ်ခုဖြစ်သည့် လက်ဖက်သုပ် သုပ်နည်းကို တာဝန်ရှိသူများက သရုပ်ပြသကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေး ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကိုကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ဆင်ဟွာ သတင်းအေဂျင်စီ တို့အကြား သတင်းဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် တရုတ်နိုင်ငံ အသေးစားနှင့်အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရွှေသံလွင် ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်နှင့် China Harbor Engineering Co.,Ltd.(CHEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Royal Green Ocean Co., Ltd. နှင့် Jiangxi Longzheng Technology Development Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Yunnan Baoshan Hengyi Industrial Group Co., Ltd. (HYIG)နှင့် Transland Public Co., Ltd.(TPC)တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Platypus Public Co., Ltd. နှင့် China Enerever Solutions (Shanghai) Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက အသီးသီး လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

☆ **မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်**

☆ **ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SCO ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့်ဇနီးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025) အစည်းအဝေးအထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၃၁

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တီယန်ကျင်းမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Tianjin Meijian Convention Center ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့်ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့အပါအဝင် SCO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် SCO ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့် ဇနီးတို့က တစ်ဦးချင်းရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် SCO ထိပ်သီး အစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာကြသည့် SCO ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှု အကအဖွဲ့က တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇–၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ Wanda Vista ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအား SCO အဖွဲ့ဝင်ဖြစ်စေရေး အိန္ဒိယနိုင်ငံမှထောက်ခံပေးလျက်ရှိမှုအခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



**❝ နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရေးနှင့် တပ်မတော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ အမြင်ချင်း ဖလှယ် ဆွေးနွေး ❞**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၃၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေခွဲမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

ကြေးမုံ



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်မှ ဒုတိယအဓိပတိနှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်မှ ဒုတိယအဓိပတိ ပါမောက္ခ Prof. Gong Wei နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၃၁

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တီယန်ကျင်းမြို့ရှိ Tangla Hotel ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိ ပါမောက္ခ Prof. Gong Wei ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တပ်မတော်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဂြိုဟ်တုနည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝူဟန်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများ၊ ဝူဟန်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် နိုင်ငံတကာမှကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝူဟန်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများ၊ ဝူဟန်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေး

## ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သမြချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၃၁

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့အတွင်းရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဦးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ အလုံမြို့နယ်ရှိ Myanmar Ahlone Power Plant Co.,Ltd နှင့် Toyo Thai Power Myanmar Co.,Ltd တို့မှ လည်ပတ်မောင်းနှင်လျက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများသို့ သွားရောက်၍ ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီတို့မှ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်ငွေ့ရရှိသုံးစွဲမှု၊ ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှုနှင့် ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အင်အားသည် လျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍရှိ စုစုပေါင်းတပ်ဆင်အင်အား၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍပြီးလျှင် ဒုတိယမြောက်အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်မှု ပြတ်တောက်မှုမရှိစေရေး၊ သတ်မှတ်စက်စွမ်းရည်ပြည့် မောင်းနှင်နိုင်ရေးနှင့် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ်မောင်းနှင်လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်များပြုပြင်ထိန်းသိမ်းရေးကို စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်ကြစေလိုကြောင်း၊ စက်များချွတ်ယွင်းမှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့် စက်အရန်ပစ္စည်းများ ထားရှိဆောင်ရွက်စေလိုကြောင်း၊ လျှပ်စစ်ဓာတ်အား ပမာဏများစွာအသုံးပြုသည့် စက်ရုံ၊ အလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းအများအပြားရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် Myanmar Ahlone Power Plant ၁၈၃ မဂ္ဂါဝပ်နှင့် Toyo Thai Power Myanmar ၁၂၁ မဂ္ဂါဝပ် စက်ရုံများ၏ Gas Turbine နှင့် Steam Turbine တို့မှ ဓာတ်အားထုတ်လုပ်လျက်ရှိသည့် အခြေအနေများနှင့် ဓာတ်အားထုတ်လုပ်မှု ထိန်းညှိခန်း (Control Room) အတွင်း နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား အမှတ်တရသစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက် သာကေတမြို့နယ်ရှိ U Energy Thaketa Power Co.,Ltd နှင့် MaxPower (Thaketa) Co.,Ltd တို့မှ လည်ပတ်မောင်းနှင်လျက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများသို့ရောက်ရှိရာ ဓာတ်အားပေးစက်ရုံရှိ ရှင်းလင်းဆောင်၌ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံအသီးသီး၏ လက်ရှိထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့ အပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများက ပေါင်းစပ်ဆောင်ရွက်ကြရန်၊ သဘာဝဓာတ်ငွေ့သည် စျေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ် ဖြစ်သည့်အတွက် လေလွင့်မှုနည်းပါးစေရန် ဓာတ်အားပေးစက်များ စက်စွမ်းရည် ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံဝန်ထမ်းများအား အမှတ်တရသစ်သီးခြင်းများ ပေးအပ်သည်။

ဆက်လက်၍ U Energy Thaketa Power ၏ Gas Turbine နှင့် Steam Turbine တို့မှ ၁၁၉ ဒသမ ၇၃ မဂ္ဂါဝပ် ထုတ်လုပ်သည့်စက်ရုံနှင့် Max Power (Thaketa) ၏ Gas Engine ၁၆ လုံးဖြင့် ၅၃ ဒသမ ၆ မဂ္ဂါဝပ်ထုတ်လုပ်သည့် စက်ရုံများ၏ စက်ရုံတည်ဆောက်ထားရှိမှု၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် အခြေအနေများနှင့် ဓာတ်အားထုတ်လုပ်မှု ထိန်းညှိခန်း (Control Room) အတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြပြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများဖြစ်သည့် အလုံမြို့နယ်ရှိ Myanmar Ahlone Power Plant၊ Toyo Thai Power Myanmar နှင့် သာကေတမြို့နယ်ရှိ U Energy Thaketa Power Plant နှင့် MaxPower (Thaketa) စက်ရုံတို့သည် အမျိုးသားဓာတ်အားကွန်ရက်ဖြင့် ချိတ်ဆက်၍ ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား ၄၂၈ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း သာကေတဓာတ်အားပေးစက်ရုံရှိဝန်ထမ်းများနှင့် တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် သာကေတမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအားလုံး စနစ်တကျမဲပေးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် မိမိဒေသ၊ မိမိမြို့နယ်အကျိုးကို ဆောင်ရွက်နိုင်မည့်သူအား ရွေးချယ်မဲပေးသွားရန်၊ ဝန်ထမ်းများ ဝန်ထမ်းအိမ်ရာ လိုင်းခန်းများတွင် နေထိုင်ရာတွင်လည်း စည်းလုံးညီညွတ်စွာဖြင့် မိသားစုသဖွယ် နေထိုင်သွားကြရန်နှင့် မိမိတို့နေထိုင်ရာ ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းပြုပြင် ဆောင်ရွက်သွားရန်၊ ဓာတ်အားပေးစက်ရုံဝင်းအတွင်း မြေလွတ်မြေရိုင်းများရှိပါက သီးပင်စားပင်များ စိုက်ပျိုးသွားရန်၊ ဝန်ထမ်းများ ငွေကြေးသုံးစွဲမှုကို ခြိုးခြံချွေတာ၍ လျှပ်စစ်မီးနှင့် ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲသွားရန် မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားရေး မင်းဘူး(စကု)မြို့နယ်ရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ

မင်းဘူး ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ဒေသတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားရေးအတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥယျာဉ်ဇင်ကျေးရွာအုပ်စု သိမ်ကုန်းနည်းပညာ ပြန့်ပွားရေး စင်တာဝင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သိမ်ကုန်းနည်းပညာ ပြန့်ပွားရေး စင်တာဝင်းအတွင်း ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော ဆေးကုသရေးအဖွဲ့ ကျန်းမာရေး ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများတွက် တောင်သူပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှု၊ တောင်သူစိုက်ပျိုးနည်း ပညာပေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။




ထို့နောက် တက်ရောက်လာသည့် ကျေးရွာအုပ်စုပေါင်း ၁၅ ရွာမှ ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက် တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အဆိုပါကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ရွာခွဲတာဝန်ခံများထံ ရုပ်သံလွှင့်စက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# နိုင်ငံတော်ရွှေသီးဖို့ လိုက်ဘရီကာကော်ဖီ စီးပွားဖြစ် စိုက်ပျိုးကြပါစို့

**လိုက်ဘရီကာကော်ဖီ (Liberica Coffee) သည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကအသုံးပြုသည့် မျိုးလေးမျိုးတွင် တစ်ခုအပါအဝင် ဖြစ်ပြီး Rubiaceae မျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပါသည်။ ရုက္ခဗေဒအမည်မှာ *Coffea liberica* ဖြစ်ပါသည်။**

သူရိန်ခိုင် (ကော်ဖီ)

ယင်း၏ မူလဇာတိမှာ အနောက်နှင့် အလယ်အာဖရိကဒေသ ဖြစ်သော်လည်း ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ ဖိလစ်ပိုင်၊ ဘော်နီယိုကျွန်းနှင့် ဂျားဗားကျွန်းများ အပါအဝင် အရှေ့တောင်အာရှဒေသများအထိ ပျံ့နှံ့ကာ ရှင်သန်ပေါက်ရောက်လာခဲ့ပါသည်။ အဆိုပါကော်ဖီမျိုးကို ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့တွင် အများဆုံး စိုက်ပျိုးထုတ်လုပ်ပြီး ကမ္ဘာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၁.၅ – ၂ ရာခိုင်နှုန်းအထိ ရှိပါသည်။ လိုက်ဘရီကာကော်ဖီမျိုးသည် ရေပန်းစားသည့် ကော်ဖီမျိုးများဖြစ်သော အာရေးဗီးကားကော်ဖီ (Arabica) နှင့် ရိုဘတ်စတာကော်ဖီ (Robusta)မျိုးများနှင့်မတူဘဲ ကွဲထွက်လျက် တစ်မူထူးခြားသော ကော်ဖီမျိုးတစ်မျိုးဖြစ်သည်။

**မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆိုပါ လိုက်ဘရီကာကော်ဖီမျိုး ကောင်းစွာရှင်သန်ဖြစ်ထွန်းနိုင်ကြောင်းကို ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် စမ်းသပ်စိုက်ပျိုးထားသည့် လိုက်ဘရီကာကော်ဖီပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုကို လေ့လာကြည့်ရှုပြီး သိရှိနိုင်မည်ဖြစ်သည်။**

### မိုးခေါင်ရေရှားဒဏ်ကို ခံနိုင်ရည်ရှိ

လိုက်ဘရီကာကော်ဖီသည် ပူပြင်းစွတ်စိုသော အပူပိုင်းဒေသ မြေပြန့်ရာသီဥတုတွင် ကောင်းမွန်စွာရှင်သန်ဖွံ့ဖြိုးပါသည်။ ယင်းကို ပင်လယ်ရေမျက်နှာပြင်မှ မီတာ ၉၀၀ (၂၉၅၃ ပေ) အမြင့်အထိ၊ အပူချိန် ၂၁°C မှ ၃၀°C (၇၀°F မှ ၈၆°F) ကြား၊ နှစ်စဉ်မိုးရေချိန် မီလီမီတာ ၁၂၅၀ မှ ၃၅၀၀ (၄၉ မှ ၁၃၇ ဒသမ ၈ လက်မ) ကြား ရရှိသည့် ဒေသရေမြေ ရာသီဥတုတွင် စိုက်ပျိုးနိုင်သည်။ ယင်း၏ ရှည်လျားကျယ်ပြန့်သော အမြစ်စနစ်ကြောင့် မြေဆီလွှာအမျိုးမျိုးတွင် ရှင်သန်ကြီးထွားနိုင်ပြီး အခြားကော်ဖီမျိုးစိတ်များထက် ပိုမိုကြံ့ခိုင်ကာ မိုးခေါင်ရေရှားဒဏ်ကို ခံနိုင်ရည်ရှိပါသည်။

ဤမျိုးစိတ်သည် ဟန်မီလီယားဗက်စ်စတာထရစ်မှို (Hemileia vastatrix) ကြောင့်ဖြစ်သော ကော်ဖီသံချေးမှိုရောဂါ (Coffee Leaf rust disease) အပါအဝင် ရောဂါများနှင့် ပိုးမွှားများကို အလွန်အမင်း ခံနိုင်ရည်ရှိခြင်း၊ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် ရင်ဆိုင်ရချိန်တွင် ရောဂါပိုးကျရောက်လွယ်သည့် အာရေးဗီးကားနှင့် ရိုဘတ်စတာအပင်များကို အစားထိုးရန်အတွက် ရွေးချယ်စရာတစ်ခုဖြစ်လာစေသည်။ လိုက်ဘရီကာကော်ဖီမျိုးသည် ကော်ဖီမျိုးများစွာထဲတွင် တောင့်တင်းသန်မာသည့် အပင်ကြီးမျိုးတစ်မျိုးဖြစ်သည့်အတွက် ပိုးမွှားနှင့် ရောဂါဒဏ်ကို ခံနိုင်ရည်ရှိပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပါသည်။ ယင်း၏အရွက်နှင့် ချယ်ရီသီးများသည် အခြားမျိုးများထက် သိသာစွာကြီးမားပြီး ရှည်လျားကြသည်။



မွန်ပြည်နယ် စီးပွားရေးသိပ္ပံ(သထုံ)တွင် စိုက်ပျိုးထားသော လိုက်ဘရီကာကော်ဖီပင်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စိုက်ပျိုးရေးဦးစီးဌာန နောင်နန်းခြံတွင် စိုက်ပျိုးထားသော လိုက်ဘရီကာကော်ဖီပင်။

### အလွန်မြင့်မားစွာကြီးထွားနိုင်

အခြားကော်ဖီမျိုးများသည် အပင်ပု၍ ချုံပုတ်သဏ္ဌာန်ရှိသော်လည်း လိုက်ဘရီကာကော်ဖီမျိုးသည် အလွန်မြင့်မားစွာကြီးထွားနိုင်ပြီး အမြင့်ပေ ၆၅ (မီတာ ၂၀) အထိ မြင့်မားနိုင်ခြင်းသည် ဤမျိုး၏ ထူးခြားချက်ဖြစ်ပါသည်။ ယင်း၏အရွက်များမှာ ကြီးမား၍ ခြောက်သွေ့မာကြောပြီး ဘဲဥပုံသဏ္ဌာန်ရှိပါသည်။ ရွက်ပြား၏အနားပိုင်းသည် လှိုင်းတွန့်သဏ္ဌာန်ဖြစ်နေကာ အရွက်ကြောအကြားတွင် ဖောင်းကြွနေသဖြင့် တွန့်ရှုံ့နေသကဲ့သို့ ဖြစ်နေပါသည်။ လိုက်ဘရီကာကော်ဖီသည် တစ်နှစ်ပတ်လုံးပန်းပွင့်သည့် သဘောသဘာဝရှိပြီး ပန်းရနံ့မှာလည်း အခြားကော်ဖီမျိုးများထက် ပိုမိုမွှေးကြိုင်သည်။

ပန်းပွင့်ချိန်မှ အသီးရင့်မှည့်ချိန်ကာလသည် ၁၂ – ၁၄ လအထိ ကြာမြင့်ပါသည်။ ထို့ကြောင့် ကော်ဖီသီးမှည့်များကို ယင်းတို့ ရင့်မှည့်မှုအရ တစ်နှစ်ပတ်လုံး ရွေးချယ်ခူးဆွတ်ရန် လိုအပ်ပါသည်။ ထိုသို့ တစ်နှစ်ပတ်လုံးပန်းပွင့်သည့် သဘောသဘာဝရှိခြင်း၊ အလွန်မြင့်မားစွာ ကြီးထွားနိုင်ခြင်းတို့ကြောင့် လိုက်ဘရီကာကော်ဖီကို ရိုဘတ်စတာကော်ဖီမျိုးနှင့်တွဲဖက်၍ သီးရောစနစ် (Intercropping System) ဖြင့် ကော်ဖီစိုက်ပျိုးပါက ရိုဘတ်စတာကော်ဖီကို ဝတ်မှုန်ကူးခြင်းရာခိုင်နှုန်း (Pollination Percentage) ပိုမိုလာစေပြီး အသီးတင်မှုရာခိုင်နှုန်း (Fruit Setting Percentage) ပိုမိုလာနိုင်စေမည်ဖြစ်သလို ယင်း၏ ပြင်းရှသောရနံ့ကြောင့် ၎င်းနှင့်တွဲဖက်စိုက်ပျိုးသည့် ကော်ဖီမျိုး၏ သောက်သုံးမှုအရည်အသွေးအပေါ် ကောင်းမွန်သည့်ရနံ့ကို ဖြစ်စေသည်။ ထို့အတူ လိုက်ဘရီကာကော်ဖီအား အကူအရိပ် (Secondary Shade) အဖြစ် အသုံးချနိုင်မည်ဖြစ်ပြီး ထပ်ဆောင်း၍ ကော်ဖီအသီးလည်းရရှိကာ တစ်ဧကော်ဖီအထွက် ပိုမိုရရှိနိုင်မည်ဖြစ်သည်။

လိုက်ဘရီကာကော်ဖီစေ့များသည် ကော်ဖီမျိုးစိတ်အားလုံးထဲတွင် ကော်ဖီစေ့အကြီးဆုံးမျိုးများထဲမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။ လိုက်ဘရီကာကော်ဖီစေ့၏ ပုံသဏ္ဌာန်မှာ အချိုးမညီဘဲ တစ်ဖက်တိုပြီး တစ်ဖက်ရှည်ကာ

စာမျက်နှာ ၁၁ သို့ ✪



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ကော်ဖီ သုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနတွင် စိုက်ပျိုးထားသော လိုက်ဘရီကာနှင့် အာရေးဗီးကား ကော်ဖီပင်များ တွဲဖက်၍ သီးရောစနစ် စိုက်ပျိုးထားစဉ်။

> **ထူးခြားသော ဝိသေသလက္ခဏာများဖြစ်သည့် အလွန်မြင့်မားစွာ ကြီးထွားနိုင်ခြင်းနှင့် ပိုမိုနက်ရှိုင်းကျယ်ပြန့်သော အမြစ်စနစ်တို့ရှိခြင်းကြောင့် အခြားကော်ဖီမျိုးများ ခံနိုင်စွမ်းမရှိသော ပြင်းထန်သည့်ရာသီဥတု၊ မြေနိမ့်ဒေသများနှင့် မြေဆီဩဇာ ညံ့ဖျင်းသောအခြေအနေများတွင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်း၊ ကော်ဖီချယ်ရီသီးတွင် အနှစ် ၆၀ ရာခိုင်နှုန်းပါဝင်ပြီး သကြားဓာတ် ပိုမိုပါဝင်ခြင်းကြောင့် နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပို့ကုန်အမည်သစ်တိုးကာ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာမည်**

❂ စာမျက်နှာ ၁၀ မှ

မျက်ရည်စက်ပုံသဏ္ဌာန်ရှိသဖြင့် ထူးခြားသည့်သဏ္ဌာန်ရှိနေပါသည်။ ကော်ဖီဆန်၏ထိပ်ဖျားတွင် “ချိတ်” ကဲ့သို့ ကွေးနေသော ပုံစံလက္ခဏာ ရှိပါသည်။ မျိုးရိုးဗီဇအရ လိုက်ဘရီကာကော်ဖီသည် ခရိုမိုဆုမ်း ၂၂ စုံပါသည့် ဒီပလွိုက် (diploid) မျိုးစိတ်တစ်ခုဖြစ်သည်။

လိုက်ဘရီကာကော်ဖီ၏ ရှားပါးသည့်အရည်အသွေးများကြောင့် အထူးတန်းဝင် ကော်ဖီလေလံတင်ရောင်းချသည့် ဈေးကွက်တွင် အာရေးဗီးကားကော်ဖီထက် ဈေးနှစ်ဆ ပိုမိုရရှိပါသည်။ ကော်ဖီချယ်ရီသီး၏ ဖွဲ့စည်းတည်ဆောက်ပုံကိုကြည့်မည်ဆိုပါက အာရေးဗီးကားနှင့် ရိုဘတ်စတာကော်ဖီမျိုးများတွင် အနှစ် ၄၀ ရာခိုင်နှုန်းနှင့် အဆန် ၆၀ ရာခိုင်နှုန်းရှိပြီး လိုက်ဘရီကာကော်ဖီမျိုးတွင် အနှစ် ၆၀ ရာခိုင်နှုန်းနှင့် အဆန် ၄၀ ရာခိုင်နှုန်းရှိသောကြောင့် ထူးခြားမှုရှိသည့်မျိုးတစ်မျိုး ဖြစ်ပါသည်။ ထိုသို့ ထူးခြားသည့်ချယ်ရီသီး၏ ဖွဲ့စည်းတည်ဆောက်မှုကြောင့် သကြားဓာတ်ပိုမိုပါဝင်စေပြီး သဘာဝအခြောက်ခံနည်း (Natural Dry Processing Method) ဖြင့် ကော်ဖီပြုပြင်ထုတ်လုပ်ပါက အချိုဓာတ်ပိုကဲ၍ သစ်သီးရနံ့ (ပိန္နဲသီးရနံ့)ကို ရရှိစေသည်။

**အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့ခဲ့**

လိုက်ဘရီကာကော်ဖီကို အစပြုရှင်သန်ပေါက်ဖွားရာနိုင်ငံဖြစ်သော လိုက်ဘေးရီးယားနိုင်ငံအား အစွဲပြု၍ လိုက်ဘရီကာကော်ဖီ (Liberica Coffee) ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ယင်းသည် ၁၈ ရာစုနှောင်းပိုင်း ဥရောပကိုလိုနီလက်အောက်တွင် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့ခဲ့ပါသည်။ ထိုအချိန်ကာလသည် ကမ္ဘာ့ကော်ဖီလုပ်ငန်းကို ကော်ဖီ သံချေးမှိုရောဂါ အကြီးအကျယ် ကူးဆက်ပြန့်ပွားမှုကြောင့် အာရေးဗီးကားကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်း ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားသော အချိန်နှင့်လည်း တိုက်ဆိုင်နေသည်။

ကော်ဖီချစ်သူများအတွက် ကံကောင်းစေသည့်အချက်မှာ လိုက်ဘရီကာကော်ဖီသည် ထိုသို့ ဆိုးရွားပြင်းထန်သော ကူးစက်ပြန့်ပွားမှုကို ခံနိုင်ရည်ရှိနေသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများသည် ရိုဘတ်စတာကော်ဖီအစား လိုက်ဘရီကာကော်ဖီမျိုးကို အစားထိုး စိုက်ပျိုးထုတ်လုပ်လာခဲ့ကြပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကို လိုက်ဘရီကာကော်ဖီ စိုက်ပျိုးခဲ့ခြင်းကြောင့် ယခုအချိန်တွင် လိုက်ဘရီကာကော်ဖီကို အဓိက စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံစာရင်းဝင်နေခြင်းဖြစ်ပါသည်။ ယခုအခါ၌ လိုက်ဘရီကာကော်ဖီအားလုံးသည် အရှေ့တောင်အာရှတိုင်းပြည်များဖြစ်သော ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အဓိကထုတ်လုပ်နေခြင်းဖြစ်ပါသည်။

မလေးရှားနိုင်ငံသည် လိုက်ဘရီကာကော်ဖီကို အခြေခံ၍ ကော်ဖီအမျိုးမျိုးကို အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိရာ အထူးတန်းဝင်ကော်ဖီအမျိုးအစား ထုတ်လုပ်မှုတွင် မိုင်လိုက်ဘရီကာ အမှတ်တံဆိပ် (My Librica Brand)သည် ထင်ရှားကျော်ကြားသည့် အမှတ်တံဆိပ်ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံရှိ အထူးတန်းဝင်ကော်ဖီအမျိုးအစား ထုတ်လုပ်မှုတွင် ဂွတ်ကပ်အမှတ်တံဆိပ် (Good Cup Brand) သည် ထင်ရှားလူသိများပါသည်။ ထိုအတွက် မိမိနိုင်ငံ ရေမြေအရ အခြေအနေပေးသည့် လိုက်ဘရီကာကော်ဖီကို စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်သည်။

လိုက်ဘရီကာကော်ဖီကို အခြားကော်ဖီမျိုးများနှင့်မတူဘဲ ထူးခြားစေသောအချက်မှာ ယင်း၏ မြင့်မားသောဖွဲ့စည်းပုံ၊ ခံနိုင်ရည်ရှိသော သဘောသဘာဝနှင့် စိန်ခေါ်မှုရှိသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေအရင်းအမြစ်နည်းပါးချိန်တွင် ရေကိုရရှိစေမည့် ပိုမိုနက်ရှိုင်းပြီးကျယ်ပြန့်သော အမြစ်စနစ်တို့ ပါဝင်နေခြင်းဖြစ်ပါသည်။ ထိုသို့ ခံနိုင်ရည်ရှိသော သစ်ပင်အမျိုးအစားဖြစ်သည့်အတွက် အခြားကော်ဖီမျိုးများ ခံနိုင်ရည်မရှိသော ပြင်းထန်သည့်ရာသီဥတု၊ မြေနိမ့်ဒေသများနှင့် မြေဆီသြဇာညံ့ဖျင်းသော အခြေအနေများတွင် ရှင်သန်နိုင်ပြီး စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြစ်ပါသည်။ ထိုသို့ နက်ရှိုင်းကျယ်ပြန့်သည့် အမြစ်စနစ်ရှိနေခြင်းကြောင့် ရေနှင့် အစာအာဟာရများကို ပိုမိုစုပ်ယူနိုင်စေခြင်းသည် လိုက်ဘရီကာကော်ဖီကို ကိုင်းဆက်မျိုးပွားခြင်းပြုလုပ်ရာတွင် အောက်ခံပင်အဖြစ် အသုံးပြုနိုင်စေမည်ဖြစ်သည်။

ဓာတုဖွဲ့စည်းမှုအရ လိုက်ဘရီကာကော်ဖီတွင် ကလိုရိုဂျဲင်းနစ်အက်စစ် (chlorogenic acid) ပါဝင်မှုသည် ရိုဘတ်စတာထက် နည်းသော်လည်း အာရေးဗီးကားထက် မြင့်မားပါသည်။ အဆိုပါဓာတ်သည် ကော်ဖီ၏ခါးသက်မှုနှင့် ဖန်သောအရသာ (astringency) ကို လွှမ်းမိုးပြောင်းလဲစေပါသည်။ ကဖိန်း (caffeine) ပါဝင်မှုမှာ ယေဘုယျအားဖြင့် အာရေးဗီးကားနှင့် ရိုဘတ်စတာကြားတွင် ရှိနေတတ်သော်လည်း ယင်းစိုက်ပျိုးရာပတ်ဝန်းကျင်နှင့် ပြုပြင်ထုတ်လုပ်သည့်



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနတွင် စိုက်ပျိုးထားသော လိုက်ဘရီကာကော်ဖီပင်။

နည်းလမ်းများအပေါ်မူတည်၍ ကွာခြားမှုများရှိနိုင်ပါသည်။

**ရနံ့အမျိုးအစား**

ထူးခြားသော အနံ့ထုတ်လုပ်သည့် ဒြပ်ပေါင်းများ (unique volatile compounds) ဖြစ်သည့် မီသိုင်းကီတုန်း (methyl ketones နှင့် လက်တုန်း (lactones) တို့ကဲ့သို့သော ဒြပ်ပေါင်းများသည် ယင်း၏ ပြင်းထန်သော၊ ထင်ရှားသောရနံ့ (bold aroma) ကို ဖြစ်ပေါ်စေပြီး သစ်သားဆန်သော၊ မီးခိုးနံ့ရှိသော သို့မဟုတ် ပန်းနံ့သင်းသော ရနံ့အဖြစ် ဖော်ပြလေ့ရှိကြပါသည်။ ဤရနံ့အမျိုးအစားမှာ ကော်ဖီလှော်သောနည်းစနစ်အပေါ်မူတည်၍ ပြောင်းလဲနိုင်ပါသည်။

လိုက်ဘရီကာကော်ဖီ၏ အမှန်တကယ်ထူးခြားပြီး ချိုမြိန်သော အရသာကို ပေးစွမ်းနိုင်ခြင်းသည် အခြားကော်ဖီအမျိုးအစားများနှင့် အတော်လေးကွာခြားစေသည့်အချက်ဖြစ်ပါသည်။ လိုက်ဘရီကာကော်ဖီကို အများအားဖြင့် သဘာဝအတိုင်း ပြုပြင်ထုတ်လုပ်လေ့ရှိသောကြောင့် ကော်ဖီချယ်ရီသီးများထဲ၌ သစ်သီးအချိုအနှစ်ဓာတ်များ ပိုမိုပါဝင်ခြင်းသည် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကြောင့် ပိုမိုချိုမြိန်စေပြီး သစ်သီးရနံ့ထူးကဲသော ကော်ဖီရနံ့နှင့် အရသာကို ဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ လိုက်ဘရီကာကော်ဖီသည် အာရေးဗီးကားကော်ဖီထက် ပိုမိုချိုမြိန်ပြီး ထူးကဲသော သစ်သီးအရသာနှင့် စံပယ်ပန်းရနံ့၊ နှင်းဆီပန်းရနံ့ကဲ့သို့သော ရနံ့များပေါင်းစပ်ထားသကဲ့သို့ ဖြစ်စေပါသည်။ ယင်းကော်ဖီသည် သောက်သုံးပြီးနောက် သင်းပျံ့သောခံတွင်းနံ့နှင့် သာယာသောချိုမြိန်မှုအား ကြာရှည်စွဲကျန်မှုကို ပေးစွမ်းနိုင်ပါသည်။

ထိုသို့ ထူးခြားသော ဝိသေသလက္ခဏာများဖြစ်သည့် အလွန်မြင့်မားစွာ ကြီးထွားနိုင်ခြင်းနှင့် ပိုမိုနက်ရှိုင်းကျယ်ပြန့်သော အမြစ်စနစ်တို့ရှိခြင်းကြောင့် အခြားကော်ဖီမျိုးများ ခံနိုင်စွမ်းမရှိသော ပြင်းထန်သည့်ရာသီဥတု၊ မြေနိမ့်ဒေသများနှင့် မြေဆီသြဇာ ညံ့ဖျင်းသောအခြေအနေများတွင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်း၊ ကော်ဖီချယ်ရီသီးတွင် အနှစ် ၆၀ ရာခိုင်နှုန်း ပါဝင်ပြီး သကြားဓာတ်ပိုမိုပါဝင်ခြင်း



ပဲခူးတိုင်းဒေသကြီး ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ကျောက်တိုင်)တွင် စိုက်ပျိုးထားသော လိုက်ဘရီကာကော်ဖီပင်များ။

ကြောင့် နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပို့ကုန်အမည်သစ်တိုးကာ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာမည်ဖြစ်ပါသည်။

အချိုဓာတ်ပိုကဲ၍ သစ်သီးရနံ့ကိုရရှိစေခြင်း၊ အခြားကော်ဖီမျိုးများနှင့်တွဲဖက်၍ သီးရောစနစ် (Intercropping System) အသုံးပြုနိုင်ခြင်း၊ အခြားကော်ဖီမျိုးများစွာ ခံနိုင်ရည်မဲ့သော ကော်ဖီသံချေးမှိုရောဂါ(Coffee leaf rust disease)ကို ခံနိုင်ရည်ရှိခြင်းတို့ကြောင့် “လိုက်ဘရီကာ” ကော်ဖီမျိုးသည် မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအကြား စီးပွားဖြစ်စိုက်ပျိုးရန် ကော်ဖီမျိုးတစ်မျိုးဖြစ်ပါသည်။ အဆိုပါကော်ဖီမျိုး စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် သတင်းစကားပေးပို့ရင်း နိုင်ငံတော်ရွှေသီးဖို့ “လိုက်ဘရီကာ”ကော်ဖီစီးပွားဖြစ်စိုက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မိတ္ထီလာမြို့၌ (၁၄၂) ကြိမ်မြောက် သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၁၄၂)ကြိမ်မြောက် သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့မရပ်ကွက် ဖောင်တော်ဦးရင်ပြင်တော် တန်ဆောင်းနှင့် စေတီတော်မုခ်ဦးတို့တွင် ကျင်းပသည်။

ဦးစွာ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးစေတီတော်နှင့် ကရဝိက်တန်ဆောင်းမှန်ကျောင်းအတွင်း၌ ပင့်ဆောင်ကိုးကွယ်သည့် စကြာမုနိကြေးသွန်းရုပ်ပွားတော်မြတ်တို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ရေလည်ကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘဝနှင့် ပင့်သံဃာတော် ၁၀ ပါးတို့က ဆောင်ရွက်တော်မူကြသည်။ ယင်းနောက် ပင့်သံဃာတော် ၁၀ ပါးတို့အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ညိုနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဆုပေးမဏ္ဍပ်တွင် ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ အထူးပွဲများကို ကျင်းပသည်။



သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ဩဂုတ် ၃၀ ရက် မှ စက်တင်ဘာ ၈ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ပုံမှန်ပွဲစဉ်များကို စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နေပြည်တော်အတွင်းရှိ သစ်တောစိုက်ခင်းများ၊ သုတေသနစမ်းသပ်ကွက်များနှင့် အမြန်လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်း အမှတ် (၅) မိုးစွေ၌ သင်တန်းသားအိပ်ဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ် (၇၆) ရှိ ၁/၂၀၁၇ စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပင်ကျပ်နုတ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ် (၇၇) ရှိ၁/၂၀၂၀ စီးပွားရေး ကျွန်းစိုက်ခင်း ဧက ၁၅၀ သို့ သွားရောက်၍ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှုနှင့် ပင်ကျပ်နုတ်ခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားများ၏ ပင်ကျပ်နုတ်ခြင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်း သစ်တောသုတေသနဌာနက တည်ထောင်ထားသော ပန္နက်အကွာအဝေးစမ်းသပ်ကွက် ၂ ဒသမ ၅ ဧက အတွင်း ပန္နက်အကွာအဝေးအလိုက် အပင်များ၏ အမြင့်နှင့် လုံးပတ်ကွာခြားမှု၊ ကျွန်းအနက်စင်း သုတေသနစမ်းသပ်ကွက် ခြောက်ဧက၊ ပိတောက်ကိုင်းချိုင်သုတေသနစမ်းသပ်ကွက် ၁၀ ဧကနှင့် ဝါးမျိုးစုံသုတေသနစမ်းသပ်ကွက် ၁၅ ဧကအတွင်း ဝါးရုံများ ပြုပြင်ခြင်း၊ မြေနေရာပြုပြင်ခြင်းဖြင့် ကျွန်းပင်များ၏ ကြီးထွားမှုအပေါ် သက်ရောက်မှုကို လေ့လာခြင်း၊ သုတေသန စမ်းသပ်စိုက်ခင်း ၁၀ ဧကနှင့် ကျွန်းမျိုးသန့်ဥယျာဉ် ၁၀ ဧကတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သစ်တောသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စနစ်ကျသော စီမံအုပ်ချုပ်မှုများ ချမှတ်နိုင်ရန် သုတေသနလုပ်ငန်းများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ရရှိလာသော သုတေသနရလဒ်များအပေါ် အခြေခံ၍ လက်တွေ့နယ်ပယ်အသီးသီးတွင် အသုံးချဆောင်ရွက်သွားရန်နှင့် သုတေသနစမ်းသပ်ကွက်အသစ်များ ဖော်ထုတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အတူ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသော မိုင်တိုင် (၂၁၉/၆)ရှိ တစ်အုပ်တစ်မစိုက်ခင်း ငါးဧကရှင်သန်အောင်မြင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်လမ်းဘေးဝဲယာနှင့် ကားလမ်းဘေးဝဲယာများ စိမ်းလန်းစိုပြည်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ်ရှိ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးခဲ့သော ရေဝေရေလဲစိုက်ခင်း ဧက ၅၀ သို့ သွားရောက်၍ စိုက်ခင်းရှင်သန်အောင်မြင်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၃၁**

ဥပဒေရေးရာ ဝန်ကြီးဌာန၏ (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပသည်။

ဦးစွာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သစ္စာမဏ္ဍိုင်ကျောင်းတိုက် နာယကဆရာတော်အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းနှင့် ခရိုင်နှင့် မြို့နယ် ဥပဒေအရာရှိများက ဝါဆိုသင်္ကန်းနှင့် အရှုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ရုံးရှေ့မျက်နှာစာတွင် ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို မိုးပျံပူဖောင်းများလွှတ်တင် ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဥပဒေချုပ်က အမှာစကားပြောကြားခြင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ လှုပ်ရှားမှုဗီဒီယိုမှတ်တမ်းပြသခြင်း၊ အမှတ်တရကံစမ်းမဲများ နှိုက်ခြင်းတို့ ပြုလုပ်ခဲ့သည်။



နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်၊ သပိတ်ကျင်းခရိုင်ဥပဒေရုံးများနှင့် ယင်းတို့၏ခရိုင်များအတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**



# တပ်ကုန်းမြို့နယ် ယဉ်ကျေးလိမ္မာသင်တန်း၌ အာဟာရကျွေးမွေး

**တပ်ကုန်း ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်လျက်ရှိသည့် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဓမ္မာရုံတွင် ဥပုသ်နေ့တိုင်း ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အာဟာရဒါန ကျွေးမွေးသည်။

ထိုသို့ ကျွေးမွေးလှူဒါန်းရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသီနိုင်က ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက သင်တန်းနည်းပြဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆ ဦးအား အာဟာရဒါနကျွေးမွေးလှူဒါန်းပြီး လူမှုပတ်ဝန်းကျင်တွင် ယဉ်ကျေးလိမ္မာစွာ ပြုမူနေထိုင်တတ်ရေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပေါင်းတည်မြို့နယ်၌ MSMEs ဒေသထွက်ကုန် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**ပေါင်းတည် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြတ်စွယ်တော် ဗုဒ္ဓပူဇနိယအပူဇော်ခံပွဲ၌ MSMEs ဒေသထွက်ကုန် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပေါင်းတည်မြို့ ဘုရားကြီးလမ်းထိပ်၌ ကျင်းပသည်။

ဦးစွာ ပေါင်းတည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူများ၏ ဘင်ခရာအဖွဲ့က ပန်းဖွားအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တာဝန်ရှိသူများက MSMEs ဒေသထွက်ကုန် အရောင်းဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။




အဆိုပါပွဲတော်တွင် ဒေသထွက်ကုန်များ ရောင်းချပေးခြင်းအပြင် ဈေးရောင်းပွဲတော်ဖြင့် ကုန်စည်ပစ္စည်းများ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

# သဃ်္န်းကျွန်းမြို့နယ်၌ သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ




**သဃ်္န်းကျွန်း ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ် ကောင်းမြတ်ချမ်းသာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏(၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးမိုးစက်က သဘာပတိအဖြစ်ဆောင်ရွက်၍ အသင်း၏အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်စိုးက အသင်းဥပဒေ၊ နည်းဥပဒေနှင့်သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်း၍ အသင်းသားများက သဘောတူအတည်ပြုခဲ့ကြပြီး အသင်းသားများအား အစုပေါ် အမြတ်ငွေများ ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်မိုး(သဃ်္န်းကျွန်း)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပဲပုပ်ဆီထုတ်လုပ်သည့်စက်ရုံအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ ယုဇနကုမ္ပဏီလီမိတက်၏ ပဲပုပ်ဆီထုတ်လုပ်သည့် စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ မန်နေဂျင်းဒါရိုက်တာက စက်ရုံတည်ဆောက်ခဲ့မှု၊ စက်လည်ပတ်၍ ပဲပုပ်ဆီများ ထုတ်လုပ်ခဲ့မှု၊ ကုန်ကြမ်းလုံလောက်စွာ မရရှိသဖြင့် စက်ရုံအား ခေတ္တရပ်ဆိုင်းခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း၌ ကုန်ကြမ်းလုံလောက်စွာ ရရှိနိုင်ရေးအတွက် တောင်သူများလိုအပ်သည့် မျိုး၊ နည်းပညာ၊ စိုက်ပျိုးစရိတ်၊ မြေဩဇာများကို ကြိုတင်ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသမျှသီးနှံများကို ပြည်တွင်း၌ပင် ရောင်းချနိုင်မည်ဆိုပါက ပိုမိုစိုက်ပျိုးလာမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် စိုက်ပျိုးရေးထွက်ကုန်များမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု ပဲပုပ်ဆီစက်ရုံ ပြန်လည် လည်ပတ်လျှင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိမည့်အပြင် စားသုံးဆီဖူလုံခြင်း၊ တိရစ္ဆာန်အစားအစာများကို ရရှိနိုင်ခြင်းတို့ကြောင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး စက်ရုံအတွင်း၌ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ကုန်ကြမ်းများ သိုလှောင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အင်းစိန်မြို့နယ်၌ အမြင်သစ်စာကြည့်တိုက် (ခွဲ) ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ACE သဲကွင်းတွင် ဖွင့်လှစ်ထားသည့် အမြင်သစ်စာကြည့်တိုက်(ခွဲ)အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ အမြင်သစ်စာကြည့်တိုက်(ခွဲ) အဆောက်အအုံသစ်အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးမြတ်စိုး၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးဘိုကြည်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအုန်းရွှေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အမြင်သစ်စာကြည့်တိုက်(ခွဲ) ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို စာကြည့်တိုက်ခွဲရှေ့ရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပရာ အင်းစိန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်တို့က အမှာစကားများ ပြောကြားသည်။ ယင်းနောက် အမြင်သစ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းက ကျေးဇူးတင်စကားပြောကြားကာ စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် အလှူရှင်များနှင့် သုတ၊ ရသ၊ စာအုပ် လှူဒါန်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ဇေယျာသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် မွန်းလွဲပိုင်းတွင် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာကြီး ကိုရွှေအောင်သင်းက **“လူငယ်နှင့် အနာဂတ်နိုင်ငံတော်”** ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များအား အသိပညာဗဟုသုတမေးခွန်းများ မေးမြန်း၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူ၊ စာပေဝါသနာရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**အောင်မျိုးဝင်း(ဥတ္တရ)**

## မအူပင်ခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**မအူပင် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မအူပင်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မအူပင်ခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဒေါ်လှဲ့ယဉ်အေးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မအူပင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်က အသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးအောင်တင်ညွန့်က ဖတ်ကြားရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသည့် အသင်းကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းစာရင်းစစ် အစီရင်ခံစာများကို အသင်းဝင် ကိုယ်စားလှယ်များက အတည်ပြုလက်ခံခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက အသင်းသားများအား အစုပေါ် အမြတ်ငွေကျပ် ၃၆၆၀၀၀၀ ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

■

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ရပ်စောက်မြို့နယ်၌ ဂျီအီးစီ (ပညာရေးဝန်ထမ်းများ) သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရပ်စောက် ဩဂုတ် ၃၁**

ရပ်စောက်မြို့နယ် ဂျီအီးစီ (ပညာရေးဝန်ထမ်းများ) သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက ရပ်စောက်မြို့နယ် ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဂျီအီးစီ(ပညာရေးဝန်ထမ်းများ) သမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ရပ်စောက်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်က သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှုစာရင်းများ၊ အသင်းစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းပြီး သဘာပတိက အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

“လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်” ဆောင်ပုဒ်ဖြင့် ကျင်းပသည့် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် - ၂၀၂၅ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ တိုင်းရင်းသားလူငယ်များက ကချင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက “လန်းဆန်းနိုးထ ဉာဏ်စမ်း အစီအစဉ်”အဖြစ် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးဆိုင်ရာ Energizer Quiz များကို ပါဝင်ဖြေကြားကြသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ SUPDI မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini က **“ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီစီးပွားရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ပထဝီစီးပွားရေးအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများအတွက် ပထဝီစီးပွားရေး၏ အရေးပါပုံနှင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုများ၊ ပထဝီစီးပွားရေးကို ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်ကြည့်ခြင်း၊ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့ ဆက်နွှယ်တည်ရှိနေမှု၊ အစိုးရများအနေဖြင့် ပထဝီစီးပွားရေးဆိုင်ရာ အကျိုးရလဒ်များ အတွက် ကုန်သွယ်ရေးမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊ အချို့သော အခြေအနေတွင် နိုင်ငံရေးထက် စီးပွားရေးကဏ္ဍကို ဦးစားပေး အကောင်အထည် ဖော်ခြင်း၊ ဘေးကင်းလုံခြုံသော နိုင်ငံ့စီးပွားရေးစနစ်များ ဖော်ဆောင်ခြင်း၊ အကျိုးစီးပွားအတွက် နိုင်ငံရေးရာ Superpower များ တည်ဆောက်ခြင်းနှင့် Superpower များကို ဟန်ချက်ညီအောင် ထိန်းညှိခြင်း၊ အကျိုးတူမိတ်ဖက်နိုင်ငံများစုဖွဲ့ခြင်း၊ ကမ္ဘာ့စီးပွားရေးလမ်းကြောင်းပေါ်မှ ဒေါ်လာ ငွေကြေးဈေးကွက်၊ အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံရေးအရ အားသာမှုကို အသုံးပြု၍ ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးထားနိုင်ရန် ကြိုးပမ်းမှုများ၊ အစိုးရများအနေဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးလမ်းပြမြေပုံများ ရေးဆွဲခြင်းနှင့် အနာဂတ်နိုင်ငံ့စီးပွားရေးအတွက် အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်ခြင်း စသည့်အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။



မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသားကျောင်းသူများက အာရှဒေသတွင် တွေ့မြင်လာနိုင်သည့် နိုင်ငံရေးသီအိုရီများ၊ နိုင်ငံတစ်နိုင်ငံ၌ စီးပွားရေးတည်ငြိမ်မှုရှိစေရန်နှင့် ငွေကြေးစနစ် ခိုင်မာအားကောင်းစေရန် ထိန်းချုပ်ဆောင်ရွက်သင့်သည့် အချက်များ၊ တစ်ကမ္ဘာလုံး ရင်ဆိုင်တွေ့ကြုံရနိုင်သည့် ပထဝီစီးပွားရေးစိန်ခေါ်မှု၊ Digital Currency နှင့်ပတ်သက်ပြီး စဉ်းစား ဆောင်ရွက်သင့်သည့် အချက်များ၊ ပထဝီစီးပွားရေးအရ တရုတ်နိုင်ငံ၏ ငွေကြေးဈေးကွက်အခြေအနေ၊ ငွေကြေးဖောင်းပွမှုကို Crypto Currency က ဖြေရှင်းပေးနိုင်မည့် အလားအလာ၊ ပထဝီစီးပွားရေးအရ AI နှင့် Digital Currency တို့၏ ပံ့ပိုးပေးနိုင်မှု၊ ပြောင်းလဲလာသည့် ကမ္ဘာကြီးတွင် မြန်မာလူငယ်များအနေဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သည့် စိန်ခေါ်မှုများ၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒနှင့် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးဆိုင်ရာ မျှော်မှန်းချက်စသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။



ပြောင်းလဲနေသောကမ္ဘာ့အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးအခန်းကဏ္ဍအပေါ် လူငယ်များအမြင် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပစဉ်။

ယင်းနောက် Mr. Lorenzo Maria Pacini က **“မြန်မာ၊ စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌ ပထဝီစီးပွားရေးအရ မဟာဗျူဟာမြောက်တည်ရှိနေမှု၊ ကုန်သွယ်မှုလမ်းကြောင်းများနှင့် ဈေးကွက်အခြေအနေ၊ စီးပွားရေးရာမူဝါဒများနှင့် အခွန်စနစ်၊ အိမ်နီးချင်းနိုင်ငံများ၏ ပထဝီစီးပွားရေးအရ တည်ရှိနေမှုအပေါ် လေ့လာသုံးသပ်ခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအရ လွတ်လပ်စွာ ရပ်တည်နိုင်မှုကို ထိန်းသိမ်းကာကွယ်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အားသာချက်နှင့် အကျိုးရလဒ်များရရှိစေရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်း၊ ငွေကြေးမူဝါဒနှင့် ဈေးကွက်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းခြင်း၊ မဟာမိတ်နိုင်ငံများနှင့် အကျိုးတူမူဝါဒများ ထားရှိခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အမြတ်ထုတ်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် လုံခြုံအေးချမ်းမှုရှိသော ဝန်းကျင်ကောင်း ဖန်တီးခြင်းစသည့် အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသားကျောင်းသူများက တရုတ်နိုင်ငံ၏ စီးပွားရေးမူဝါဒများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များ၊ လုပ်ပိုင်ခွင့်အခွင့်အာဏာကို နိုင်ငံအခြေအနေနှင့်ကိုက်ညီစေရန် စီမံခန့်ခွဲခြင်း၊ အိမ်နီးချင်း နိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ စီးပွားရေးရာ မူဝါဒအရ မြန်မာနိုင်ငံအပေါ် သက်ရောက်လာနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် စီးပွားရေးရာမူဝါဒများ ချမှတ်ရာတွင် လိုအပ်ချက်များစသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြောင်းလဲနေသော ကမ္ဘာ့အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေး အခန်းကဏ္ဍအပေါ် လူငယ်များအမြင်၊ လူငယ်များအတွက် ဒေသဆိုင်ရာချိတ်ဆက်မှုနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ၊ ဗဟုဝင်ရိုးစီးပွားရေးအတွက် ဆန်းသစ်မှုနှင့် အရည်အချင်းများ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဟန်ချက်ညီစေခြင်း၊ စီးပွားရေးတွင် အားလုံးပါဝင်နိုင်ရေး လူငယ်အခြေပြု ဖြေရှင်းနည်းလမ်းများစသည့် ခေါင်းစဉ်များကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့များမှ လူငယ်ကိုယ်စားလှယ် တစ်ဦးစီက ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များကို ပြန်လည်စုစည်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက အနှစ်ချုပ်သုံးသပ်တင်ပြပြီး တိုင်းရင်းသားလူငယ်များက ရခိုင်တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ရန်ကုန်အဝေးသင်တက္ကသိုလ်၌ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်အဝေးသင်တက္ကသိုလ်၌ စာအုပ်များအပြင် လူ့အသိုင်းအဝိုင်း၊ ပညာရေးနှင့် ဒစ်ဂျစ်တယ်ခေတ်တွင် ခေတ်မီစာကြည့်တိုက်များ၏ ပြောင်းလဲနိုင်စွမ်း "Beyond Books: The Transformative Power of Modern Libraries in Society, Education, and the Digital Age" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီတွင် အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်နုနုရီက အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာ ဟိန်းလတ် (ကထိက၊ စီးပွားရေးပညာဌာန) က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မောင်ညီညီဆက်နိုင် (စတုတ္ထနှစ်၊ သတ္တဗေဒ)၊ မောင်တာရာ (စတုတ္ထနှစ်၊ အင်္ဂလိပ်စာ)၊ မယုဝတီ (စတုတ္ထနှစ်၊ ဥပဒေပညာ) နှင့် ဒေါ်မြမြစန်း (စာကြည့်တိုက်မှူး) ရန်ကုန်အဝေးသင်တက္ကသိုလ်တို့က စာကြည့်တိုက်အခြေပြုသင်ယူမှု၊ ဒစ်ဂျစ်တယ်နှင့် ပညာရေးနယ်ပယ်အတွင်း စာကြည့်တိုက်များ၏အခန်းကဏ္ဍ၊ စာကြည့်တိုက်များက လူ့အသိုင်းအဝိုင်းအတွက် ပေးစွမ်းနိုင်သည့်အကျိုးကျေးဇူးများ၊ ခေတ်မီပညာရေးစနစ် ပြောင်းလဲလာသည့်အချိန်တွင် စာကြည့်တိုက်ဝန်ထမ်းများ၏ အခန်းကဏ္ဍပြောင်းလဲမှုများ ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်လာသူ ကျောင်းသားကျောင်းသူများက မေးမြန်းသည့်အချက်များကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် စာကြည့်တိုက်မှူးတို့က ရှင်းလင်းပြောကြားသည်။



အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ ဘာသာရပ်ဌာနများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(မြန်/ဆက်)**

# အခုကျင်းပတဲ့ဖိုရမ်က နိုင်ငံအတွက် အရေးပါတဲ့ဖိုရမ်တစ်ခုဖြစ်ပါတယ်၊ နိုင်ငံဖွံ့ဖြိုးဖို့ဆိုရင် ငြိမ်းချမ်းဖို့လိုပါတယ်၊ ငြိမ်းချမ်းဖို့ဆိုရင် စည်းလုံးညီညွတ်မှုရှိဖို့လိုတယ်၊ နိုင်ငံမငြိမ်းချမ်းရင် တိုင်းပြည် မတိုးတက်နိုင်ပါဘူး၊ အခုဖိုရမ်ကနေ လူငယ်တွေရဲ့ မဟာဗျူဟာကျကျ အတွေးအမြင်တွေရရှိမယ်လို့ မျှော်လင့်ပါတယ်

ဆလိုင်းဆိုင်မွန်လင်း(ရခိုင်ပြည်နယ်)

ယနေ့ကမ္ဘာကြီးကို တည်ငြိမ်အေးချမ်းသောကမ္ဘာကြီးအဖြစ် ပြန်လည်တည့်မတ်ရောက်ရှိနိုင်ရန် နိုင်ငံတိုင်းက နည်းလမ်းရှာဆောင်ရွက်လျက်ရှိကြရာ အနာဂတ်ကိုပိုင်စိုးမည့် လူငယ်ထု၏အခန်းကဏ္ဍ၊ လူငယ်တို့၏ စွမ်းပကားကို သတိမူမိလာကြပြီး လူငယ်များကို စနစ်တကျပျိုးထောင်၍ လူငယ်အခန်းကဏ္ဍကို အလေးထားဖော်ဆောင်လာကြသည်။

မြန်မာနိုင်ငံသည်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ လူငယ်တို့၏ အတွေးသစ် အမြင်သစ်၊ တီထွင်ဆန်းသစ်လိုစိတ်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့လှမ်းချီနိုင်ရန် လူငယ်ဖိုရမ်များကို ကျင်းပပေးလျက်ရှိရာ ယနေ့တွင် မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် (၂၀၂၅)ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပလျက်ရှိပြီး တက်ရောက်လာကြသော တာဝန်ရှိသူများ၊ တိုင်းရင်းသားလူငယ်များ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို စုစည်းဖော်ပြလိုက်ပါသည်-


မစုယွန်းရွှေရည်



မောင်လွှမ်းနိုင်အောင်


မသံယောဇဉ်မိုး


ဆလိုင်းဆိုင်မွန်လင်း


ဦးဇော်လွင်ဦး

**မစုယွန်းရွှေရည်(ရှမ်းပြည်နယ်)**

တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးက လူငယ်တွေအားလုံးဟာ တစ်နေရာတည်းမှာ စုစည်းခွင့်ရတယ်။ ဒီလိုစုစည်းခွင့်ရတဲ့အချိန်မှာ အားလုံးအတွက် အသိပညာဗဟုသုတတွေ၊ အတွေ့အကြုံတွေ အများကြီးရအောင် စီမံပေးထားတာ တွေ့ရပါတယ်။ လူငယ် တစ်ယောက်အနေနဲ့ တိုင်းရင်းသား သူငယ်ချင်း၊ မောင်နှမအားလုံးနဲ့ တွေ့ဆုံခင်မင်ခွင့်ရတာ၊ အသိပညာတွေဖလှယ်ခွင့်ရတာ၊ ပြည်ပပညာရှင်တွေရဲ့ မျှဝေမှုတွေ နားထောင်ရတွေက တန်ဖိုးရှိတဲ့ အတွေ့အကြုံပါ။ နောက်ထပ် ဒီလိုဖိုရမ်မျိုးတွေကို ထပ်မံပြုလုပ်ပေးစေချင်ပါတယ်။ ဖိုရမ်မှာ လူငယ်အားလုံးက တက်တက်ကြွကြွ ပါဝင်ကြပါတယ်။ အစီအစဉ်အားလုံးကို စေ့စေ့စပ်စပ် စီစဉ်ပေးထားတာမို့ တာဝန်ရှိသူတွေကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါတယ်။ ဖိုရမ်မှာဆွေးနွေးတာတွေ လူငယ်တွေအသိပညာတွေရှိဖို့ အဓိကထားပါတယ်။ မှန်ကန်တဲ့အသိပညာရှိမှ မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်မယ်၊ စိန်ခေါ်မှုတွေကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်မယ်ဆိုတဲ့ အသိပညာတွေ ရရှိပါတယ်။

**မောင်လွှမ်းနိုင်အောင်**
**(မန္တလေးတိုင်းဒေသကြီး)**

ဒီဖိုရမ်ကို ရောက်တဲ့အချိန်မှာ အားလုံးတွေ့ဆုံခွင့်ရတဲ့ ခံစားချက်က အင်မတန်အားရကျေနပ်တဲ့ ခံစားမှုကို ဖြစ်ပေါ်စေပါတယ်။ နိုင်ငံတကာက ပညာရှင်တွေကိုယ်တိုင် လူငယ်တွေနဲ့လက်တွေ့ကျကျ အတူတကွပါဝင်ဆွေးနွေးကြတာကြောင့် ကျွန်တော်တို့လူငယ်တွေအတွက် တန်ဖိုးရှိတဲ့၊ တန်ဖိုးဖြတ်လို့မရတဲ့ ဖိုရမ်တစ်ခုဖြစ်ပါတယ်။ အခုလို ဖိုရမ်မျိုး နှစ်စဉ် ဆောင်ရွက်ပေးရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးက လူငယ်တွေဟာ အမြဲတွေ့ဆုံခွင့်၊ ဆွေးနွေးခွင့်ရမှာဖြစ်သလို ယုံကြည်နားလည်မှုတွေလည်း တိုးလာမှာဖြစ်ပါတယ်။

**မသံယောဇဉ်မိုး(မွန်ပြည်နယ်)**

ဒီဖိုရမ်တက်ဖို့ MCC ကို ရောက်လာတာနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက တိုင်းရင်းသားမောင်နှမတွေရဲ့ မတူကွဲပြားတဲ့ ရိုးရာယဉ်ကျေးမှုတွေကို မြင်တွေ့ခွင့်ရတယ်။ ဒီလိုလူငယ်ဖိုရမ်က လူငယ်တွေကို အခွင့်အလမ်းပေးတယ်။ လက်တွဲခေါ်တယ်။ နိုင်ငံရဲ့အနာဂတ်အတွက် လူငယ်တွေရဲ့အသံကို နားထောင်တယ်။ နေရာပေးတယ်လို့ မြင်ပါတယ်။ ဒေသအသီးသီးက လာကြတယ်။ အတွေးအခေါ်တွေ မတူကြဘူး။ အသိပညာတွေ ဖလှယ်ခွင့်ရတယ်။ ကျွန်မတို့ ပြည်နယ်ကိုပြန်တဲ့အခါ ရရှိလာတဲ့ အတွေးအမြင်တွေကို မျှဝေပေးခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေပါတယ်။ စိန်ခေါ်မှုတွေနဲ့အတူ အခွင့်အလမ်းတွေကို သိမြင် နားလည်နိုင်လာတယ်။ ဒီလို နိုင်ငံတော်အဆင့်ဖိုရမ်မှာ လူငယ်တွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆလိုင်းဆိုင်မွန်လင်း**
**(ရခိုင်ပြည်နယ်)**

ဖိုရမ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်တွေ လာရောက်ကြတယ်။ မတူကွဲပြားတဲ့ယဉ်ကျေးမှုတွေ၊ အတွေးအမြင်တွေကိုကြားသိရတယ်။ အတွေးအမြင်တွေ ဖလှယ်ခွင့်ရရှိတဲ့အတွက် နိုင်ငံအတွက် ကောင်းမွန်တဲ့အနာဂတ်ကို ပုံဖော်ဖန်တီးဖို့ အခွင့်အရေးရလာပြီလို့ ပြောရမှာပါ။ အခုဆိုရင် မြန်မာနိုင်ငံတစ်ဝန်းကလူငယ်တွေ တွေ့ဆုံနေကြပြီ။ အပြန်အလှန်ဆွေးနွေးမှုတွေကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာ ဖြစ်တဲ့အတွက် အခုကျင်းပတဲ့ဖိုရမ်က နိုင်ငံအတွက် အရေးပါတဲ့ဖိုရမ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးဖို့ဆိုရင် ငြိမ်းချမ်းဖို့လိုပါတယ်။ ငြိမ်းချမ်းဖို့ဆိုရင် စည်းလုံးညီညွတ်မှုရှိဖို့လိုတယ်။ နိုင်ငံမငြိမ်းချမ်းရင် တိုင်းပြည် မတိုးတက်နိုင်ပါဘူး။ အခုဖိုရမ်ကနေ လူငယ်တွေရဲ့ မဟာဗျူဟာကျကျ အတွေးအမြင်တွေရရှိမယ်လို့ မျှော်လင့်ပါတယ်။

**ဦးဇော်လွင်ဦး**
**ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီ**

ဖိုရမ်ကို တိုင်းပြည်နဲ့လူမျိုးအတွက် လူငယ်တွေတိုးတက်ဖို့ ပြုစုပျိုးထောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာဖြစ်ပါတယ်။ လူငယ်တွေဆိုတာ အရာရာကို တတ်သိချင်စိတ်၊ စူးစမ်းလေ့လာလိုစိတ်တွေရှိပြီး ပတ်ဝန်းကျင်မှာ မြင်တွေ့တာ၊ လေ့လာသိရှိတာတွေကို မှတ်သားအတုယူတတ်ကြပါတယ်။ ပြည့်စုံကောင်းမွန်တဲ့ ဗဟုသုတတွေကို ဖန်တီးပေးရမှာက ကျွန်တော်တို့လူကြီးတွေရဲ့ တာဝန်ဖြစ်ပါတယ်။ ဖိုရမ်မှာ လာရောက် ဆွေးနွေးကြတဲ့ ပြည်ပပညာရှင်တွေက မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတွေကို လေ့လာသုတေသနပြုချက်တွေနဲ့ လူငယ်တွေမသိမမြင်နိုင်တဲ့အချက်တွေကို ဆွေးနွေးချပြတာဖြစ်တဲ့အတွက် ဗဟုသုတတွေရမယ်။ ဟောပြောဆွေးနွေးပြီးတဲ့အခါ လူငယ်တွေက သိချင်တဲ့ မေးခွန်းတွေမေးကြတာကို တွေ့ရတယ်။ တိုးတက်လိုစိတ်၊ သိလိုစိတ်တွေနဲ့ စိတ်ဝင်စားကြတာကို တွေ့ရတယ်။ လူငယ်တွေအတွက်၊ နိုင်ငံအတွက် ဘယ်လောက်အကျိုးရှိသလဲဆိုတာ ဒီဖိုရမ်က လက်တွေ့ပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူငယ်တွေရော၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်နေတဲ့ လူငယ်တွေရော သိရှိနားလည်ခွင့်ရအောင် တယ်လီဂရမ်ကနေ တိုက်ရိုက် Live ထုတ်လွှင့်ပေးနေပါတယ်။ လေ့လာနိုင်ရင် အတော်အကျိုးရှိပါတယ်။ ကျွန်တော်တို့လေ့လာရမှာတွေရှိသလို လူငယ်တွေလည်း သိနားလည်သင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကို ပြန်လည် ရောက်ရှိတဲ့အခါ အသိပညာတွေကို ပြန်လည်မျှဝေပေးကြမှာပါ။ ဖိုရမ်ကရရှိလာတဲ့ အတွေးအမြင်တွေကို လက်ဆင့်ကမ်း မျှဝေကြမှာကြောင့် တစ်နိုင်ငံလုံးအတွက် အကျိုးရှိတယ်၊ မှန်ကန်တဲ့ပထဝီနိုင်ငံရေး၊ စီးပွားရေးတွေကို သိရှိနားလည်မှ ရေရှည်ရပ်တည်နိုင်ပြီး အများအယွင်းအနည်းဆုံးနဲ့ အကောင်းဆုံးနည်းလမ်းကို အချိန်တိုအတွင်း လျှောက်လှမ်းနိုင်မှာဖြစ်လို့ နိုင်ငံအတွက်အရေးကြီးသလို လူငယ်တွေအတွက်လည်း အရေးကြီးပါတယ်။ နိုင်ငံကောင်းဖို့အတွက် ဘက်ပေါင်းစုံက ဆောင်ရွက်နေတဲ့ အချိန်မှာ လူငယ်တွေက သူတို့ရင်ထဲက ခံစားချက်တွေ၊ ဆုံးဖြတ်ချက်တွေကို ဒီဖိုရမ်မှာ ပါဝင်ဆွေးနွေးကြတယ်၊ ရလာတဲ့ ဆွေးနွေး အကြံပြုချက်တွေကို ကြေညာစာတမ်း ထွက်လာမှာဖြစ်တာကြောင့် ရေရှည်အောင်မြင်ဖို့အတွက် အင်မတန်အကျိုးရှိတဲ့ ဖိုရမ် ဖြစ်ပါတယ်။

သတင်းစဉ်(သတင်းအဖွဲ့)
ဓာတ်ပုံ-ကျော်သီဟ

## တွံတေးမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

တွံတေး ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အုန်းပင်စုရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲအုပ်သန်းကျော်က လူကုန်ကူးမှုဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဒေါ်ကျော့ရှင်းဖြူက ဆက်သွယ်ရေးဆိုင်ရာဥပဒေများ အသိပညာပေးရှင်းလင်းခြင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယလဝကမှူး ဦးကျော်ကျော်အောင်က အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်သည်။



ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုနှစ်ခုကို ပရိုဂျက်တာဖြင့် ပြသပေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# အဖျက်သမားစိတ် အဖျက်သမားလုပ်ရပ် …

**ဩဂုတ်လ ၂၄ ရက်နေ့က မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပါထင်ရှားတဲ့ ဂုတ်ထိပ်တံတားကြီးကို TNLA အဖွဲ့က မိုင်းထောင်ဖောက်ခွဲလိုက်တယ်ဆိုတဲ့ သတင်းကြောင့် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော်အလွန်ပဲစိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ဂုတ်ထိပ်တံတားကြီးဆိုတာက နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိတဲ့ တံတားကြီးတစ်စင်းပါ။ ဒီတံတားကြီးတည်ဆောက်ချိန်၊ စတင်အသုံးချချိန်တွေကို သိမီလိုက်တဲ့သူတွေ အခုဆို မရှိကြတော့ပါဘူး။**

**ကိုငြိမ်း**

တံတားကြီးဟာ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိရုံသာမကပါဘူး၊ ပေ ၃၀၀ ကျော် မတ်စောက်တဲ့ လျှိုကြီးနှစ်ခုကို ဖြတ်ကျော် တည်ဆောက်ထားလို့ အဲဒီအချိန်က ကမ္ဘာမှာ အမြင့်ဆုံး တံတားဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ယနေ့ထက်တိုင် ကမ္ဘာလှည့်ခရီးသွားတွေ တကူးတက သွားရောက်လည်ပတ်ရတဲ့ တံတားကြီးအဖြစ် ရှိနေတာပါ။ ဂုတ်ထိပ်တံတားကြီးအတွက် ဂုဏ်ယူစရာပါပဲ။ ဂုတ်ထိပ်တံတားကြီးဟာ မြန်မာနိုင်ငံသားတွေအတွက်သာမကပါဘူး နိုင်ငံအတွက်လည်း သမိုင်းတန်ဖိုးကြီးမားတဲ့ တံတားကြီးဖြစ်တာမို့ TNLA က မိုင်းထောင်ဖောက်ခွဲလိုက်ခြင်းဟာ စစ်ရေးရည်မှန်းချက်တစ်ခုအတွက် တိုက်ခိုက်တယ်လို့ မဆိုနိုင်တော့ပါဘူး။ နိုင်ငံ့ရှေးဟောင်းအမွေအနှစ်တစ်ခုကို တိုက်ခိုက်ဖျက်ဆီးလိုက်ခြင်းသာ ဖြစ်ပါတယ်။

## ရင်သပ်ရှုမောကြည့်ရတဲ့ တံတားကြီး

ဂုတ်ထိပ်တံတားကြီးဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး–လားရှိုး ရထားလမ်းပေါ်မှာ တည်ရှိပါတယ်။ နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာ၊ ကျောက်မဲမြို့နဲ့ ၁၄ မိုင်အကွာ မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀–၉ မှာ ရှိပါတယ်။ မန္တလေးမြို့ကနေဆို အရှေ့မြောက် မိုင် ၆၀ ခန့်အကွာအဝေးမှာ ရှိပါတယ်။ ပေ ၃၀၀ ကျော်မတ်စောက်တဲ့ လျှိုကြီးနှစ်ဖက်ကို ဖြတ်ပြီး တည်ဆောက်ထားတာပါ။ ဂုတ်ထိပ်တံတားကြီးကို မန္တလေး–လားရှိုး ကားလမ်းပေါ်ကကြည့်ရင်မြင်ရပါတယ်။ ရင်သပ်ရှုမောကြည့်ရတဲ့ တံတားကြီးပါ။ တောတောင်တွေကြားမှာ လျှိုကြီးအစွန်းနှစ်ဖက်ကိုဖြတ်ပြီး ဖောက်လုပ်ထားတဲ့အတွက် အံ့မခန်းတံတားကြီးဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားကြီးနဲ့ ပတ်သက်လို့ Paul Theroux က သူ့ရဲ့ကျော်ကြားတဲ့ The Great Railway Bazaar ခရီးသွားစာအုပ်မှာ **“မညီမညာကျောက်တုံးတွေနဲ့ တောတောင်တွေကြားမှာ ငွေရောင်ရောမအကောင်ကြီး တစ်ကောင်ရှိနေတာဟာ လွန်စွာထူးဆန်းအံ့ဩဖွယ်တစ်ခုဖြစ်တယ်”** လို့ ဖော်ပြထားပါတယ်။

Paul Theroux ဟာ အမေရိကန်နိုင်ငံသား ဝတ္ထုရေးဆရာ၊ ခရီးသွားစာရေးဆရာ၊ ဝတ္ထုတိုစာရေးဆရာနဲ့ စာပေဝေဖန်ရေးဆရာတစ်ဦးဖြစ်ပြီး The Great Railway Bazaar ခရီးသွားစာအုပ်ကို ၁၉၇၅ ခုနှစ်မှာ ထုတ်ဝေခဲ့သူဖြစ်ပါတယ်။ အမေရိကန်နိုင်ငံသား Paul Theroux ဟာ အဲဒီအချိန်က ခက်ခက်ခဲခဲနဲ့ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးကို သွားရောက်ကြည့်ရှုမှတ်တမ်းတင်ခဲ့တဲ့အချိန်ကာလပင် အခုဆို နှစ်ပေါင်း ၅၀ ရှိပြီ ဖြစ်ပါတယ်။ ဒါဟာ သမိုင်းတန်ဖိုးတစ်ခု ဖြစ်ပါတယ်။ အခြားနိုင်ငံကသူတွေက ကိုယ့်နိုင်ငံထဲမှာရှိတဲ့ သမိုင်းဝင်အဆောက်အအုံ၊ ရှေးဟောင်းယဉ်ကျေးမှုနေရာတွေကို တန်ဖိုးထားပြီး တကူးတကလာရောက်လေ့လာနေချိန်မှာ ကိုယ့်နိုင်ငံသားတွေက ပိုလို့တန်ဖိုးထားထိန်းသိမ်းကြရမှာပါ။ ဒါဟာ တန်ဖိုးသိတဲ့သူအတွက်သာ တန်ဖိုးရှိတယ်ဆိုတဲ့ စကားလိုပါပဲ။

ဂုတ်ထိပ်တံတားကြီး စတင်တည်ဆောက်တဲ့အခါ လန်ဒန်မှာ ဒီဇိုင်းထုတ်ခဲ့ပြီး တံတားအစိတ်အပိုင်းတွေကို ပင်ဆယ်လ်ဗေးနီးယားစတီးလ်ကုမ္ပဏီက ထုတ်လုပ်ခဲ့တာပါ။ တံတားအစိတ်အပိုင်းတွေကို အမေရိကန်နိုင်ငံမှာ တည်ဆောက်ခဲ့ပြီး အဲဒီအစိတ်အပိုင်းတွေကို နယူးယောက်ကနေ လပေါင်းများစွာကြာအောင်သင်္ဘောနဲ့ သယ်ယူခဲ့တယ်လို့ဆိုပါတယ်။ အဲဒီအစိတ်အပိုင်းတွေ ရောက်လာပြီး တပ်ဆင်ခဲ့တာ တစ်နှစ်အတွင်းမှာ ပြီးခဲ့ပါတယ်။

ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ ဒါပေမဲ့ တံတားကို ၁၉၀၃ ခုနှစ်မှ စတင်အသုံးပြုနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ တံတားကြီးဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၂၆၀ မှာရှိပြီး တံတားကို ထောက်ထားတဲ့ သံတိုင်တွေမှာ အမြင့်ဆုံးတိုင်က ပေ ၃၂၀ မြင့်ပြီး အနိမ့်ဆုံးတိုင်က ၄၅ ပေခန့်ရှိပါတယ်။ တံတားသံတိုင်ပေါင်း ၁၆ ခု ရှိပြီး တံတားက အရှည်ပေ ၂၂၆၀ ရှိပါတယ်။ တံတားကြီးက တံတားအောက်ဖြတ်စီးနေတဲ့ ရေမျက်နှာပြင်အထက် ၈၂၅ ပေရှိပြီး အမြင့်ဆုံး ဒေါက်တိုင်ပေါ်မှာရှိတဲ့ သံလမ်းက မြေပြင်အထက် ၃၃၅ ပေ မြင့်ပါတယ်။ တံတားကြီးကို စတီးလ်၊ သံမဏိနဲ့ သံတွေ အသုံးပြုပြီး တည်ဆောက်ထားတာပါ။ ဒါကြောင့်လည်း တံတားကြီး တည်ဆောက်ပြီးတဲ့အချိန်က the largest railway trestle in the world ဖြစ်ခဲ့ပါတယ်။ တံတားကြီး တည်ဆောက်ခဲ့တဲ့ နည်းပညာအဆင့်မြင့်မှုနဲ့ ပတ်ဝန်းကျင်က သဘာဝအခြေအနေကြောင့် ကမ္ဘာ့စံချိန်စံညွှန်း လက်ရာတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။



အကြမ်းဖက်သမားများက ဂုတ်ထိပ်တံတားကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့စဉ်။

## သမိုင်းဝင်အမွေအနှစ်တစ်ခု

ဂုတ်ထိပ်တံတားကြီးဟာ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ကြီးတွေကို ဖြတ်သန်းပြီး ယနေ့ထက်တိုင် တည်ရှိနေတာဟာ ရှေးအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့သာပါ။ ဒုတိယကမ္ဘာစစ်အတွင်းမှာ အင်္ဂလိပ်တွေရဲ့ ဖျက်ဆီးမှုကြောင့် သံတိုင်အမှတ် ၂ နဲ့ ၅ တို့ ပျက်စီးခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်တွေ မြန်မာနိုင်ငံကနေ ပြန်ဆုတ်တဲ့အချိန်မှာ ဂုတ်ထိပ်တံတားကို ဖျက်ဆီးခဲ့လို့ သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁ နဲ့ ၁၂ တို့ ပျက်စီးခဲ့ပါတယ်။ အဲဒီတိုင်ပေါ်မှာရှိတဲ့ ပေါင်းကူးသံပေါင် လေးခု မြေသို့ကျခဲ့ပါတယ်။ ဒါပေမဲ့လည်း ပြန်လည်ပြုပြင်ပြီး တံတားကြီးကို ယနေ့ထက်တိုင် ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ဒီလို ကမ္ဘာ့အဆင့်မီ ရှေးဟောင်းတံတားကြီးတစ်ခုကို သမိုင်းဝင်အမွေအနှစ်တစ်ခုအဖြစ် အစဉ်အဆက်ထိန်းသိမ်းကြမှသာ နိုင်ငံရဲ့သမိုင်းဝင်အမွေအနှစ်တွေ မပျောက်မပျက်ရှိနေပါလိမ့်မယ်။

ဒါပေမဲ့လည်း ဩဂုတ်လ ၂၄ ရက်နေ့က TNLA အဖွဲ့က တံတားကြီးကို မိုင်းထောင်ဖောက်ခွဲလိုက်ခြင်းဟာ အသိတရား၊ ဆင်ခြင်တုံတရား နည်းလွန်းတဲ့လုပ်ရပ်လို့ ဆိုရမှာပါ။ အဲဒီလို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးမှုကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နဲ့ ကမ်းကပ်ခုံ (AB–2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနဲ့ တံတားရဲ့ ကမ်းကပ်ခုံ(AB – 2) တို့ ပျက်စီးခဲ့ပါတယ်။ တံတားကြီး ဖျက်ဆီးခံရတာနဲ့ ပတ်သက်လို့ TNLA အဖွဲ့ကလည်း သူလုပ်တာမဟုတ်ဘူးဆိုပြီး ငြင်းဆိုချင်ပါသေးတယ်။ အခုဖောက်ခွဲခံခဲ့ရတဲ့ ကျောက်မဲအခြမ်းမှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ အဲဒီဘက်အခြမ်းက TNLA အဖွဲ့ထိန်းချုပ်ထားတဲ့ နေရာဖြစ်ပါတယ်။ နောက်ပြီး တံတားဖောက်ခွဲ ဖျက်ဆီးခံထားရတဲ့ အနေအထားကိုကြည့်ရင် သာမန်ဗုံးတစ်လုံးကြောင့် ပျက်စီးတဲ့အနေအထား မဟုတ်ပါဘူး။ ဒီလောက်ကြီးမားတဲ့ သံထည်တွေကို ဖျက်ဆီးဖို့ဆိုရင် ကြီးမားတဲ့ ယမ်းအားနဲ့ စနစ်တကျဖောက်ခွဲမှ ဖြစ်နိုင်တာပါ။

နယ်မြေအခြေအနေအရ လတ်တလောအခြေအနေမှာလည်း တံတားကြီးပေါ် ဖြတ်သန်းပြီး ရထားပြေးဆွဲနိုင်မှုမရှိပါဘူး။ ရထားပြေးဆွဲမှုမရှိတဲ့ တံတားကြီးကို ဖောက်ခွဲခြင်းဟာ စစ်ရေးရည်မှန်းချက်အတွက် မဟုတ်ပါဘူး။ ဒါဟာ နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တစ်ခုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးလိုက်ခြင်းသာဖြစ်ပါတယ်။

> **❝နိုင်ငံတကာရာဇဝတ်တရားရုံးရဲ့ ရောမဥပဒေ (ICC၊ 1998၊ Art.8 (2)(b)(ix))အရ စစ်ရေးအရမလိုအပ်ဘဲ သမိုင်းဝင်နေရာတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာနေရာတွေကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းဟာ စစ်ရာဇဝတ်မှု (war crimes) မြောက်ပါတယ်။ Geneva Conventions (1949) နဲ့ ၎င်းတို့ရဲ့ နောက်ထပ် Protocols (1977) တို့အရလည်း ယဉ်ကျေးမှုအမွေအနှစ်များကို အကာအကွယ် ပေးထားပါတယ် (ICRC, 2016)။ TNLA ရဲ့ လုပ်ရပ်ဟာ နိုင်ငံတကာ ဥပဒေအရပဲကြည့်ကြည့်၊ နိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအရပဲ ကြည့်ကြည့် အကြမ်းဖက်မှုတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်❞**

**နိုင်ငံတကာ ရာဇဝတ်တရားရုံးရဲ့ ရောမဥပဒေ (ICC၊ 1998၊ Art. 8(2)(b)(ix)) အရ စစ်ရေးအရ မလိုအပ်ဘဲ သမိုင်းဝင်နေရာတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာနေရာတွေကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းဟာ စစ်ရာဇဝတ်မှု (war crimes) မြောက်ပါတယ်။ Geneva Conventions (1949) နဲ့ ၎င်းတို့ရဲ့ နောက်ထပ် Protocols (1977) တို့အရလည်း ယဉ်ကျေးမှုအမွေအနှစ်များကို အကာအကွယ်ပေးထားပါတယ် (ICRC, 2016)။ TNLA ရဲ့ လုပ်ရပ်ဟာ နိုင်ငံတကာ ဥပဒေအရပဲ ကြည့်ကြည့်၊ နိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအရပဲ ကြည့်ကြည့် အကြမ်းဖက်မှုတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။**

## နှစ်ပေါင်း ၁၂၅ နှစ်ရှိပြီဖြစ်တဲ့ တံတားကြီး

ကုလသမဂ္ဂအပါအဝင် နိုင်ငံတိုင်းက ကိုယ့်နိုင်ငံရဲ့ **tangible heritage၊ intangible heritage** တွေကို အသိတရားရှိရှိ ထိန်းသိမ်းကာကွယ်နေကြပါတယ်။ ဒီလို ကာကွယ်ထိန်းသိမ်းခြင်းဟာ နိုင်ငံရဲ့ ဂုဏ်သိက္ခာဖြစ်သလို နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းအတွက်လည်း အကျိုးရှိစေပါတယ်။ အခုလို နှစ်ပေါင်း ၁၂၅ နှစ်ရှိပြီဖြစ်တဲ့ တံတားကြီးကို ဘယ်လို အသိဉာဏ်ပညာနဲ့ ဖျက်ဆီးလိုက်တယ်ဆိုတာ စဉ်းစားလို့မရပါဘူး။ ရှေးဟောင်းအမွေအနှစ်တစ်ခု ပျက်စီးသွားရင် ပြန်ပြင်လို့ရနိုင်ပေမယ့် ဒီလို ပြန်ပြင်လိုက်ခြင်းဟာ အသစ်ပဲဖြစ်သွားလိမ့်မယ်။ ရှေးဟောင်းအမွေအနှစ် မဟုတ်တော့ပါဘူး။ ဒါကြောင့် ရှေးဟောင်းအမွေအနှစ်ကို မူလအတိုင်း မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းထားမှသာ ရှေးဟောင်းအမွေအနှစ်တန်ဖိုး ဖြစ်မှာပါ။

ဂုတ်ထိပ်တံတားကြီးဟာ အင်္ဂလိပ်တို့ တည်ဆောက်ခဲ့ပေမယ့် တည်ရှိတာက မြန်မာနိုင်ငံမှာပါ။ ပိုင်ဆိုင်တာက မြန်မာနိုင်ငံသားတွေ ဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့ ✻

✻ စာမျက်နှာ ၁၆ မှ
ဒါကြောင့် အစဉ်အဆက် ထိန်းသိမ်းကာကွယ်ကြရမှာက မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ ဒီတံတားကြီးရဲ့ အသုံးဝင်မှု၊ တည်ဆောက်စဉ်ကာလက နည်းပညာအဆင့်အတန်းမြင့်မားမှု၊ ကမ္ဘာ့အဆင့်အတန်းမီမှု၊ ရှားပါးမှု၊ နိုင်ငံရဲ့ အမှတ်သရုပ်ဖြစ်မှုစတဲ့ တန်ဖိုးတွေဟာ ငွေကြေးတန်ဖိုးနဲ့ တိုင်းတာလို့ မရနိုင်ပါဘူး။

ဒါကြောင့်လည်း သမိုင်းဝင်အမွေအနှစ်တွေကို သမိုင်းရဲ့ သက်ရှိစာသင်ခန်းလို့ ခေါ်ဆိုကြတာဖြစ်ပါတယ်။ သမိုင်းဝင်အမွေအနှစ်တွေကို ကာကွယ်ထိန်းသိမ်းခြင်းဟာ မတူကွဲပြားမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုတွေအပေါ် ပိုမိုလေးစားမှုရှိစေတယ်လို့ ယူနက်စကိုက ဆိုပါတယ်။ ဒီလိုတန်ဖိုးရှိလို့လည်း နိုင်ငံခြားခရီးသွားတွေ တခုတ်တရ လာရောက်လည်ပတ်နေကြတာဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ သမိုင်းဝင်နေရာတွေကို ဂရုတစိုက်ထိန်းသိမ်းပြီး နိုင်ငံခြားခရီးသွားတွေကို ဆွဲဆောင်နေကြလို့ နှစ်စဉ်ဝင်ငွေ ဒေါ်လာသန်းပေါင်းများစွာ ဝင်နေကြပါတယ်။

ခရီးသွားလုပ်ငန်း တိုးတက်လာတာနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြပါတယ်။ အခုတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသမှာ သမိုင်းဝင်အမွေအနှစ်တွေရှိပါလျက် ဒီအခွင့်အရေးကို အသုံးပြုရမယ့်အစား ပြန်အစားထိုးလို့မရတဲ့ အမွေအနှစ်တွေကို ဖျက်ဆီးနေကြတာဟာ တိုင်းပြည်၊ လူမျိုး၊ ဒေသအကျိုးအတွက် မဟုတ်ပါဘူး။

**❛ နိမ့်ပါးတဲ့အသိပညာနဲ့ အတွေးအခေါ်အပေါ် အခြေခံတဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ တော်လှန်ရေးလုပ်နေတာဟာ ဘာရည်ရွယ်ချက်လဲလို့ မေးရမလိုပါပဲ။ လက်နက်ကိုင်တိုက်ခိုက်မှုတိုင်းက တော်လှန်ရေးလို့ ပြောလို့မရပါဘူး။ တော်လှန်ရေးနဲ့ အကြမ်းဖက်မှုဟာ ရည်ရွယ်ချက်မတူဘူး၊ လုပ်ဆောင်ချက်မတူဘူး။ ဒါကြောင့် ထွက်လာတဲ့ရလဒ်ကလည်း မတူနိုင်ပါဘူး။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်နဲ့လုပ်တာဟာ အကြမ်းဖက်မှုပါပဲ။ ဂုတ်ထိပ်တံတားကြီးဟာ ကမ္ဘာသိတဲ့ နိုင်ငံ့အမွေအနှစ်တစ်ခုဖြစ်သလို ရှမ်းပြည်နယ်(မြောက်ပိုင်း) သယ်ယူပို့ဆောင်ရေးအတွက်လည်း အားထားရတဲ့ ရထားလမ်းတစ်ခုအဖြစ် အကျိုးပြုနေတာပါ။ ဒေသအတွက်၊ ဒေသခံတိုင်းရင်းသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ တံတားကြီးရဲ့ နှစ်ပေါင်း ၁၂၅ နှစ်အတွင်း ဒုတိယကမ္ဘာစစ်ကာလက အင်္ဂလိပ်နဲ့ ဂျပန်တို့ ဖျက်ဆီးခံရတာကလွဲရင် ဒီတံတားကြီးကို ဘယ်သူမှမဖျက်ဆီးခဲ့ပါဘူး ❜**

နိမ့်ပါးတဲ့ အသိပညာနဲ့ အတွေးအခေါ်အပေါ် အခြေခံတဲ့ လက်နက်ကိုင်လမ်းစဉ် နဲ့ တော်လှန်ရေးလုပ်နေတာဟာ ဘာရည်ရွယ်ချက်လဲလို့ မေးရမလိုပါပဲ။ လက်နက်ကိုင်တိုက်ခိုက်မှုတိုင်းက တော်လှန်ရေးလို့ ပြောလို့မရပါဘူး။ တော်လှန်ရေးနဲ့ အကြမ်းဖက်မှုဟာ ရည်ရွယ်ချက်မတူဘူး၊ လုပ်ဆောင်ချက်မတူဘူး။ ဒါကြောင့် ထွက်လာတဲ့ရလဒ်ကလည်း မတူနိုင်ပါဘူး။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်နဲ့လုပ်တာဟာ အကြမ်းဖက်မှုပါပဲ။ ဂုတ်ထိပ်တံတားကြီးဟာ ကမ္ဘာသိတဲ့ နိုင်ငံ့အမွေအနှစ်တစ်ခုဖြစ်သလို ရှမ်းပြည်နယ်(မြောက်ပိုင်း) သယ်ယူပို့ဆောင်ရေးအတွက်လည်း အားထားရတဲ့ ရထားလမ်းတစ်ခုအဖြစ် အကျိုးပြုနေတာပါ။ ဒေသအတွက်၊ ဒေသခံတိုင်းရင်းသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ လမ်းကြောင်းတစ်ခုလည်း ဖြစ်ပါတယ်။ တံတားကြီးရဲ့ နှစ်ပေါင်း ၁၂၅ နှစ်အတွင်း ဒုတိယကမ္ဘာစစ်ကာလက အင်္ဂလိပ်နဲ့ ဂျပန်တို့ ဖျက်ဆီးခံရတာကလွဲရင် ဒီတံတားကြီးကို ဘယ်သူမှ မဖျက်ဆီးခဲ့ပါဘူး။

TNLA ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းကလည်း သီပေါမြို့ရဲ့ အဝင်ဆိုင်းဘုတ်မုခ်ဦးကို ပြောင်းလဲပစ်ခဲ့ပါတယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက် တိုင်းရင်းသားလူမျိုးတွေအကြား မလိုလားအပ်တဲ့ စိတ်ဝမ်းကွဲမှုဖြစ်နိုင်တာကို TNLA မစဉ်းစားခဲ့ပါဘူး။ အမြင်ကျဉ်းမြောင်းမှုနဲ့ အသိတရားနည်းပါးမှုလို့ပဲ ဆိုရမှာပါ။ အခုတစ်ခါ ထပ်ပြီး နိုင်ငံရဲ့ရှေးဟောင်းအမွေအနှစ်တစ်ခုကို ဆင်ခြင်တုံတရားမရှိ ဖျက်ဆီးပြန်ပါပြီ။ ဒါကြောင့် အဖျက်သမားဆိုတာက ဖျက်ဆီးဖို့ သက်သက်ကိုပဲ သိတဲ့သူပါ။ ဖြစ်လာမယ့် အကျိုးဆက်တွေကို မသိနားမလည်သလို ဂရုလည်း မစိုက်ကြပါဘူး။

အဖျက်သမားတွေရဲ့ အဖျက်စိတ်နဲ့ အမြင်ကျဉ်းမြောင်းမှုကြောင့် သူတို့အပေါ် ယုံကြည်ဖို့ ခက်ခဲပါတယ်။ ဒီကနေ့ တိုင်းရင်းသားအားလုံးနဲ့ ပြည်သူတစ်ရပ်လုံးက လိုလားနေတဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေး လုပ်ဖို့ဆိုရင် အပြုသဘောစိတ်၊ အပြုသဘောလုပ်ရပ်ရှိမှသာ ယုံကြည်မှုတည်ဆောက်နိုင်ပါလိမ့်မယ်။ ။

## ညောင်ရွှေမြို့နယ်၌ မိုးစပါးစိုက်ပျိုးထားမှုနှင့် ဆီစက်လုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဩဂုတ် ၃၁

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩဂုတ် ၃၀ ရက်မွန်းလွဲပိုင်းက မြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင် ဆီစက်လုပ်ငန်းနှင့် အလယ်မြောင်းကျေးရွာရှိ ရောင်နီဦးလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားမှုနှင့် အသင်းသား ဦးဆန်နီ စိုက်ပျိုးထားသည့် GW-11 စံပြစိုက်ကွက်အခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သမဝါယမအသင်းသားတောင်သူများမှ စိုက်ပျိုးထားရှိသည့် စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း) မိုးစပါးစိုက်ပျိုးမှုများကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးကြရန်၊ လိုအပ်သည့်သွင်းအားစုနှင့် ငွေကြေးအရင်းအနှီးများရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၁၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၃၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုပေးအပ်

**နေပြည်တော် ဩဂုတ် ၃၁**

ပျဥ်းမနား-တောင်ညို လမ်းမကြီးဘေးတွင် မြေပဲရိုး၊ နှမ်းရိုးတို့ဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ၌ ပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများအား သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲစေရေး၊ သဘာဝမြေဩဇာပြုလုပ်နည်းကို တောင်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အသိပညာပေးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို မှာကြားသည်။

**တက်ရောက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်သူဦးအေးလွင်၏ တစ်ဧကေ တင်း ၁၀၀ ကျော်ထွက်ရှိသော ဆင်းပဒေသာ(၁၁) မြေပဲများ ခူးဆွတ်ထားရှိမှုကို ကြည့်ရှုအားပေးပြီး မင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။




ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဓာတ်မြေဩဇာများကို တောင်သူများထံ ပေးအပ်ကာ နေပြည်တော်ကောင်စီဝင်များက လက်ဆွဲမျိုးစေ့ချကိရိယာများကို ပေးအပ်သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ပိတောက်လမ်းသို့ သွားရောက်ပြီး နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော နိုင်လွန်ကတ္တရာလမ်း AC ခင်းကျင်းနေမှုနှင့် ကံ့ကော်အိမ်ရာ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုက်အမှတ်(၁၀) ပြန်လည်ပြုပြင်နေမှု အခြေအနေ၊ မင်္ဂလာကန်တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်စီမြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပိတောက်အိမ်ရာ တိုက်အမှတ်(၆၀၇)၊ (၆၀၈)နှင့် ဓနသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၁၃၁၁)တို့ ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် တိုက်အမှတ်(၁၃၇၃) ဖြိုဖျက်ဖယ်ရှားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ ပြင်ဆင်ပြီးသည့် အဆောက်အအုံများ ပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်စေရေး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး၊ ရေ၊ မီးများ ပြည့်စုံစွာ ရရှိရေးတို့ကိုမှာကြားခဲ့ကြောင်း သိရသည်။

ပုဗ္ဗသီရိ(ပြန်/ဆက်)



## ပင်းတယမြို့နယ်၌ ဆောင်းနေကြာ စိုက်ပျိုးသည့် အသင်းသားတောင်သူများအား သွင်းအားစုပေးအပ်

**တောင်ကြီး ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက ဆောင်းနေကြာစိုက်ပျိုးမည့် ဝါးတရာကျေးရွာရှိ ဆင်မင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မြေယာပြင်ဆင်နေမှုကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အသင်းအချင်းချင်း ပံ့ပိုးချေးငွေဖြင့် ဆောင်းနေကြာ စိုက်ပျိုးသည့် အသင်းသားတောင်သူများသို့ စိုက်ပျိုးရေး သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ပင်းတယမြို့နယ်အတွင်း စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း) ဆောင်းနေကြာ စိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများ လိုအပ်လျက်ရှိသော စိုက်ပျိုးရေးသွင်းအားစု၊ ငွေကြေးအရင်းအနှီးများရရှိစေရေးနှင့် လျာထားချက်များအတိုင်း ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်ကြီး(သ/မ)

## ဇလွန်မြို့နယ်၌ တောင်သူများအား ဓာတ်မြေဩဇာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ဇလွန် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၅ -၂၀၂၆ ခုနှစ် မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းမရှိသော တောင်သူများအား ဈေးနှုန်းသက်သာသော သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ကော့ကပ်ကျေးရွာအုပ်စု တောင်သူနည်းပညာပြန့်ပွားရေးစင်တာ၌ ပြုလုပ်သည်။



အခမ်းအနားတွင် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိဦးနိုင်ကျော်စိုးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်လင်းထက်တို့က ဓာတ်မြေဩဇာဖြန့်ဖြူးပေးမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူ ၆၀ အတွက် ဖြိုးမောက်ယူရီးယားဓာတ်မြေဩဇာ ၄၃၇ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၉၅ အိတ်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)

## ဖျာပုံမြို့နယ်၌ တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးအပ်

**ဖျာပုံ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ မိုးစပါးရာသီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသော မိုးစပါးစိုက်ပျိုးတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသော ကျေးရွာအုပ်စုများမှ မိုးစပါးစိုက်ပျိုးတောင်သူ ၁၁၄၄ ဦးအား awba ယူရီးယားဓာတ်မြေဩဇာ ၄၁၀၇၁ အိတ်၊ awba ကွန်ပေါင်းအိတ် ၃၃၉၀ နှင့် MGM ကွန်ပေါင်းအိတ် ၂၀၀၀ စုစုပေါင်း ယူရီးယားဓာတ်မြေဩဇာနှင့် ကွန်ပေါင်း ၄၆၄၆၁ အိတ်ကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## ဒေးဒရဲမြို့နယ်၌ ငွေစုငွေချေး သမဝါယမအသင်းများ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ဒေးဒရဲ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် GEC(ပညာရေး) အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ငွေစုငွေချေး သမဝါယမအသင်းလီမိတက်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ကရဝိက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးလှစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးညွန့်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပခြင်း၏ရလဒ်၊ အကျိုးကျေးဇူးများနှင့် အသင်းဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ၂၀၂၄-၂၀၂၅ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို သက်ဆိုင်ရာအသင်းများ၏ အမှုဆောင် အဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းတင်ပြ၍ အတည်ပြုချက်ရယူခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် အသင်းကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# AFC Women's Champion League (AWCL) 2025/2026 ၏ Preliminary Stage ပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲ ကြည့်ရှုအားပေး





ရန်ကုန် ဩဂုတ် ၃၁

AFC Women's Champion League (AWCL) 2025/2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အုပ်စုအဆင့် ပွဲစဉ်များအဖြစ် မြန်မာနိုင်ငံမှ I.S.P.E FC အမျိုးသမီးဘောလုံး အသင်းနှင့် ဖိလစ်ပိုင်နိုင်ငံမှ STALLION LAGUNA FC အမျိုးသမီးဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပထမပိုင်း ၄၅ မိနစ်တွင် STALLION LAGUNA FC အမျိုးသမီးဘောလုံး အသင်းကတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်း ဆက်လက်ယှဉ်ပြိုင် ကစားရာတွင် I.S.P.E FC အမျိုးသမီး ဘောလုံးအသင်းက သုံးဂိုးသွင်းယူနိုင်ကာ ပြိုင်ပွဲပြီးဆုံးချိန်တွင် I.S.P.E FC အမျိုးသမီး ဘောလုံးအသင်းက ဖိလစ်ပိုင်နိုင်ငံမှ STALLION LAGUNA FC အမျိုးသမီးဘောလုံး အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ကာ Group Stateသို့တက်ရောက် သွားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး Group State သို့ တက်ရောက်သွားသော I.S.P.E FC အမျိုးသမီးဘောလုံး အသင်းကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တက္ကသိုလ်ဂျူဒိုကလပ်များနှင့် သွားရောက်ပူးတွဲလေ့ကျင့်မည့် မြန်မာဂျူဒို အားကစားသမားများအား ချီးမြှင့်ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၃၁

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တက္ကသိုလ်ဂျူဒိုကလပ်များနှင့် သွားရောက်ပူးတွဲလေ့ကျင့်မည့် ဂျူဒိုအားကစားသမားများအား ချီးမြှင့်ငွေပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ကျိုက္ကဆံ အားကစားကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွဲဖက်ဥက္ကဋ္ဌ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှပေးအပ်သည့် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၇၀၀၀ ကို အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများကပေးအပ်ရာ Joint Training သွားရောက်မည့် အားကစားသမားများက လက်ခံရယူသည်။

အဆိုပါ ဂျပန်ခရီးစဉ်အတွင်း အားကစားသမားများအတွက် စားသောက်စရိတ်၊ ပြည်တွင်းခရီးသွားလာစရိတ်နှင့် အထွေထွေ အသုံးစရိတ်များအတွက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၁၂၈၀၀ ပေးအပ်သည်။

ထိုသို့ ပူးတွဲသွားရောက်လေ့ကျင့်မည့် ဂျူဒိုအားကစားအဖွဲ့တွင် အုပ်ချုပ်/နည်းပြ၊ ကစားသမား စုစုပေါင်း ခုနစ်ဦးပါဝင်ပြီး ဩဂုတ် ၃၀ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တက္ကသိုလ်ဂျူဒိုကလပ်များနှင့် အတူသွားရောက်ပူးတွဲ လေ့ကျင့်မည်ဖြစ်ကြောင်းသိရသည်။

**ကိုထက်**

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၂ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ(ဗိုလ်လုပွဲ)နှင့် ဆုချီးမြှင့်ပွဲကျင်းပ



လှည်းကူး ဩဂုတ် ၃၁

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးခရိုင် ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းတွင်း ကျောင်းကောင်စီအသင်းလိုက် မိုးရာသီ ဘောလုံးအားကစားပြိုင်ပွဲ(ဗိုလ်လုပွဲ)နှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက လှည်းကူးမြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင် ဦးခင်ဇော်၊ ဘောလုံးနည်းပြ ဦးသိန်းလင်းအောင်နှင့် ဧည့်သည်တော်များ၊ လှည်းကူးပညာရေး ဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး၊ ကျောင်းကောင်စီ အသင်းဝင် ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်အားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ)ကို ဘုရင့်နောင်အသင်းနှင့် အလောင်းဘုရားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလောင်းဘုရားအသင်းမှဘုရင့်နောင်အသင်းကို ၁ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဆုရရှိသည့် အလောင်းဘုရားအသင်း အားကစားသမားများအား လှည်းကူးပညာရေးဒီဂရီ ကောလိပ် ကျောင်းအုပ်ကြီးက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မတ္တရာမြို့နယ်၌ စည်းလုံးညီညွတ်ရေးဖလား U-17နှင့် U-13 ဘောလုံးပြိုင်ပွဲကျင်းပ



မတ္တရာ ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီးမတ္တရာမြို့နယ်စည်းလုံးညီညွတ်ရေးဖလား U-17နှင့် U-13 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(စလွန်ဖြူ) ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်က အမှာစကားပြောကြားသည်။

**စတင်ဖွင့်လှစ်**

ဦးစွာ အဖွင့်ပွဲစဉ်အဖြစ် အထက(စလွန်ဖြူ) U-13 ဘောလုံးအသင်းနှင့် အထက(တောင်ပြုံးကြီး)U-13 ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်က ဘောလုံးကန်၍ စတင်ဖွင့်လှစ်ပေးသည်။ ပွဲအပြီးတွင် တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးသွားသည်။ အဆိုပါ စည်းလုံးညီညွတ်ရေးဖလား ဘောလုံးပြိုင်ပွဲတွင် U-17 ပြိုင်ပွဲ၌ အသင်း ကိုးသင်း၊ U-13 ပြိုင်ပွဲတွင် ၁၂ သင်းဖြင့် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟင်္သာတခရိုင်အတွင်းရှိ စားအုန်းဆီလက်လီ / လက်ကား ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်



ဟင်္သာတ ဩဂုတ် ၃၁

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ စားအုန်းဆီ လက်လီ/လက်ကား ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ဟင်္သာတမြို့ FAMILY ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက စားအုန်းဆီ သိုလှောင်/ရောင်းချ ဖြန့်ဖြူးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးငွေမိုးက ထပ်ဆင့် ရှင်းလင်းဆွေးနွေးတင်ပြခြင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော စားအုန်းဆီလက်လီ/လက်ကား ကိုယ်စားလှယ်များက စားအုန်းဆီဝယ်ယူရရှိမှုအခြေအနေ၊ ဖြန့်ဖြူးရောင်းချမှုအခြေအနေများအား ပြန်လည်ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ်၌ ထရန်စဖော်မာများတွင်အသုံးပြုသည့် ကြေးကြိုး / ဒန်ကြိုးများနှင့်အတူ တွေ့ရှိသူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် ယမန်နေ့နံနက် ၁၀ နာရီခွဲက ထရန်စဖော်မာများတွင် အသုံးပြုသည့် ကြေးကြိုး/ဒန်ကြိုးများနှင့်အတူ တွေ့ရှိသူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မသင်္ကာဖွယ်တွေ့ရှိ**

ဖြစ်စဉ်မှာ ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဒက္ခိဏသီရိရပ်ကွက် ရွှေနှင်းဆီ(၁)လမ်းရှိ “ဝင်းမဟာ” အဟောင်းပစ္စည်း ရောင်းဝယ်ရေးဆိုင်ရှေ့တွင် ကုန်တင်ယာဉ်တစ်စီးရပ်တန့်ထားပြီး ပစ္စည်းများ တင်ဆောင်နေသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဝင်ရောက်စစ်ဆေးရာ ဆိုင်ပိုင်ရှင်ဖြစ်သည့် အဆိုပါရပ်ကွက်နေ ကျော်လွင်(ခ)ဦးကျော် ၄၉ နှစ်၊ တစ်ရပ်ကွက်တည်း နေသူများဖြစ်ကြသည့် ဒေါ်ညွန့်ညွန့် ၅၁ နှစ်၊ အလုပ်သမားများဖြစ်သော ဖိုးချစ်သဲ(ခ)ချက်ကြီး ၂၂ နှစ်၊ မျိုးမင်းထက်(ခ)ဝတုတ်(၃၀)နှစ်၊ ရဲအောင် ၃၆ နှစ်၊ တင်လှိုင် ၄၀ နှစ်၊ မြစ်သားမြို့နယ် ကသဲကုန်းရွာနေ စိုင်းဘဦး(ခ)ရှမ်းလေး ၃၉ နှစ်နှင့် အောင်ချမ်းသာရွာနေ မျိုးဇော်ဝင်း ၂၅ နှစ် စုစုပေါင်းရှစ်ဦးတို့ကို လျှပ်စစ်မီးတိုင်များနှင့် ထရန်စဖော်မာများတွင် အသုံးပြုသည့် လျှပ်စစ်ကြေးကြိုး/ဒန်ကြိုး စုစုပေါင်း အလေးချိန် ၆၁၅ ပိဿာနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်လွင်(ခ)ဦးကျော်ပါ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဒက္ခိဏသီရိမြို့မရဲစခန်း (ပ)၄၆/၂၀၂၅ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



ဒက္ခိဏသီရိမြို့နယ်၌ ထရန်စဖော်မာများတွင်အသုံးပြုသည့် ကြေးကြိုး/ဒန်ကြိုးများနှင့်အတူ တွေ့ရှိသူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၃၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာ အနီး၌ ယာဉ်ရှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၉၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၅၉ မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၆၃၈၁၆၃၃၈၅ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Doh Shwe Myanmar Turck တစ်စီး၊ Toe 12 Wheel Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Nissan Diesel Tractor Head နှစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ် ဝါးဘိုးတော-ဒုံသမိလမ်းဆုံအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၁၅၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Forland Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၁၇၉၇၄၃၃၈၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၈၀၁၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီး၊ Ford Ranger Pick Up တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ပေါင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် သထုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်ရှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၅၈၀၁၀၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း





ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၅၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၄၆၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မင်းဓမ္မ(၈)လမ်း အင်းလေးမြိုင် စက်မှုဇုန်အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၄၉၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၃၁၇၇၁၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၈၅၄၂၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck နှစ်စီး၊ Isuzu Light Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Truck တစ်စီး၊ SMK Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရတနာပုံတံတား (နွာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၈၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၂၃၉၉၅ ကျပ်) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၇၄၈၇၈၂၃၅ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်သာယာ စက်မှုဇုန်(၃)ရှိ ဂိုဒေါင်နှစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၄၄၄၀) ကို လည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၅၉၀၆၈၅၅၈၂ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Moe Thi Dar ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၁၉၂၄၀၀၀၂၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၀၉၀၀၀) ကိုလည်းကောင်း၊ မြန်မာ့ စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၀၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏သိမ်းဆည်းရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ်ငါးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် အစီး ၃၀ သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၀ (ခန့်မှန်းတန်ဖိုးငွေ ၃၃၃၂၅၇၃၄၅၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး လုံခြုံရေးကောင်စီအဖွဲ့ဝင်(၁၄)နိုင်ငံ တောင်းဆို

ကုလသမဂ္ဂ ဩဂုတ် ၃၁

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၄) နိုင်ငံက ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် အစ္စရေးတပ်မတော်၏ စစ်ဆင်ရေးများ မြှင့်တင်ဆောင်ရွက်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ခြွင်းချက်မရှိ တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးကို လိုက်နာဆောင်ရွက်ရန်နှင့် ဟားမတ်စ်အဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ထိန်းသိမ်းထားသည့် ဓားစာခံများအား လွှတ်ပေးရေးအပြင် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများဝင်ရောက်ခွင့်ပြုရေးအတွက် တောင်းဆိုကြောင်း အထက်ပါ (၁၄)နိုင်ငံက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးတပ်မတော်၏ ဂါဇာဒေသတွင် စစ်ဆင်ရေးများ မြှင့်တင်ဆောင်ရွက်မည့်အစီအစဉ်သည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှု အခြေအနေများကို ဆိုးရွားစေကာ ဓားစာခံများအပါအဝင် အရပ်သားများကို ထိခိုက်စေကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားသည်။

ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးတောင်းဆိုသည့် နိုင်ငံများမှာ အယ်လ်ဂျီးရီးယား၊ တရုတ်၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂရိ၊ ဂူယာနာ၊ ပါကစ္စတန်၊ ပနားမား၊ တောင်ကိုရီးယား၊ ရုရှား၊ ဆီအာရာလီယွန်၊ စလိုဗေးနီးယား၊ ဆိုမာလီယာနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကာ အမေရိကန်နိုင်ငံ မပါဝင်ကြောင်း သိရသည်။ အစ္စရေးသည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများဝင်ရောက်ရေးအတွက် ကန့်သတ်ချက်များကို ခြွင်းချက်မရှိ ရုပ်သိမ်းရမည်ဖြစ်ကာ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရေးအတွက် ကုလသမဂ္ဂအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် လက်တွဲဆောင်ရွက်ရမည်ဟု ၎င်းနိုင်ငံများ၏ ထုတ်ပြန်ချက်အရ သိရသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သမာသမတ်ရှိစွာနှင့် ဘက်လိုက်မှုကင်းစွာဆောင်ရွက်သင့်ကြောင်း ၎င်းနိုင်ငံများကပြောကြားသည်။ ဂါဇာဒေသပဋိပက္ခသည် လူသားက ပြုလုပ်သည့် ပဋိပက္ခဖြစ်ကာ ငတ်မွတ်ခေါင်းပါးမှုကို လက်နက်အဖြစ် အသုံးပြုခြင်းကို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေတွင် တားမြစ်ထားကြောင်း ၎င်းနိုင်ငံများ၏ ထုတ်ပြန်ချက်အရ သိရသည်။



ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# အမေရိကန် ကွန်ဂရက်လွှတ်တော်က ခွင့်ပြုထားသည့် နိုင်ငံခြားအကူအညီ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံကို ဖျက်သိမ်းရန် သမ္မတထရမ့် ကြေညာ

ဝါရှင်တန် ဩဂုတ် ၃၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကွန်ဂရက်လွှတ်တော်က ခွင့်ပြုထားသည့် နိုင်ငံခြားအကူအညီ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံကို ဖျက်သိမ်းရန် ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေများကို ဖျက်သိမ်းမည်ဖြစ်ကြောင်း သမ္မတထရမ့်က အောက်လွှတ်တော်ဥက္ကဋ္ဌ မိုက်ဂျွန်ဆင်ထံ ပေးစာဖြင့် အကြောင်းကြားခဲ့သည်။



ရန်ပုံငွေ ၃ ဒသမ ၂ ဘီလီယံကို နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအတွက် ရည်မှန်းထားကြောင်း သိရသည်။

နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏လုပ်ငန်းစဉ်လည်းပတ်မှုကို လက်ရှိတွင် ရပ်ဆိုင်းထားသည်။

ထို့ပြင် ယူနက်စကိုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများသို့ ဒေါ်လာ ၅၂၁ သန်းနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများအတွက် ဒေါ်လာ ၃၉၃ သန်းခွဲဝေသုံးစွဲမှုများလည်း ပါဝင်သည်။

သမ္မတ ထရမ့်က တရားဝင်သိမ်းဆည်းမှု ထိန်းချုပ်ရေးအက်ဥပဒေနှင့်အညီ ၎င်း၏အခွင့်အာဏာကိုသုံးကာ ရန်ပုံငွေသုံးစွဲခွင့်ကို ဖျက်သိမ်းခြင်းဖြစ်ပြီး ယင်းသို့ဆောင်ရွက်ခြင်းသည် သမ္မတ၏ "အမေရိကန်သည်သာ ပထမ" ဟူသည့် မူဝါဒကို ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

သမ္မတထရမ့်၏ ရန်ပုံငွေဖျက်သိမ်းရန် ကြေညာချက်ကြောင့် အမေရိကန်ပြင်ပ အကူအညီပေးရေး လုပ်ငန်းများအပေါ် မည်မျှအကျိုးသက်ရောက်နိုင်မည်လဲ ဆိုသည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

ရီပတ်ဘလီကန်အမတ်တစ်ဦးက ကွန်ဂရက်၏ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ရန်ပုံငွေဖျက်သိမ်းမှုအပေါ် ဝေဖန်ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ဂျပန်နိုင်ငံ ရှင်ကန်ဆန်ကျည်ဆန်ရထားပေါ်၌ ဖုန်းအားသွင်းစက် (power bank) တစ်လုံး မီးလောင်သည့်ဖြစ်စဉ်ဖြစ်ပွား

တိုကျို ဩဂုတ် ၃၁

ဂျပန်နိုင်ငံ ရှင်ကန်ဆန်ကျည်ဆန်ရထား ခရီးသည်တစ်ဦး၏ ခရီးဆောင်အိတ်အတွင်းမှ ဖုန်းအားသွင်းစက် (power bank)တစ်လုံး မီးလောင်ပျက်စီးသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း တိုကျိုရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

တိုကျိုမြို့ ယူနိုဘူတာရုံ၌ ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် ကျည်ဆန်ရထားအတွင်း ဖုန်းအားသွင်းစက်တစ်လုံး မီးလောင်သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ မီးသတ်စခန်းတစ်ခု၏ သတင်းပေးပို့မှုကို တိုကျိုရဲတပ်ဖွဲ့က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျိုဆု ရှင်ကန်ဆန်ကျည်ဆန်ရထားသည် နီဂါတာဘူတာမှ ယူနိုဘူတာသို့ ထွက်ခွာလာခဲ့စဉ် အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသက် ၅၈ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းတစ်ဦးက ခရီးဆောင်အိတ်ထဲမှ မီးခိုးများထွက်နေသည်ကို သတိပြုမိသည့်အတွက် ခရီးဆောင်အိတ်ကိုဖွင့်ကာ မီးလောင်နေသည့်ဖုန်းအားသွင်းစက်ကို အပြင်သို့ ထုတ်ရန် ကြိုးစားခဲ့သည်။ ၎င်းအမျိုးသား၏ ညာဘက်လက်တွင် မီးလောင်ဒဏ်ရာ အနည်းငယ် ရရှိခဲ့ကြောင်း သိရသည်။ အခြားခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိပေ။

အဆိုပါဖုန်းအားသွင်းစက်ကို ယမန်နေ့ညတွင် မီးအားသွင်းခဲ့သော်လည်း မီးလောင်မှုဖြစ်ပွားသည့်အချိန်တွင် အသုံးပြုနေခြင်းမရှိကြောင်း အဆိုပါအမျိုးသားက ရဲအရာရှိများအား ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အင်ဒိုနီးရှားပြည်သူများက အစိုးရ၏ စီးပွားရေးမူဝါဒအပေါ် ကျေနပ်မှုမရှိသည့်အတွက် ဆန္ဒထုတ်ဖော်

ဂျကာတာ ဩဂုတ် ၃၁

အင်ဒိုနီးရှား ပြည်သူများက အစိုးရ၏ စီးပွားရေးမူဝါဒအပေါ် ကျေနပ်မှုမရှိသည့်အတွက် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်မှုသည် လွန်ခဲ့သည့်ရက်သတ္တပတ်မှစတင်ခဲ့ပြီး လက်ရှိတွင် အင်အားပိုမိုကြီးထွားလာကြောင်း သိရသည်။

လွှတ်တော်အမတ်များကိုပေးသည့် လစာနှုန်းနှင့် အကျိုးခံစားခွင့်များပြားခြင်းအပါအဝင် နိုင်ငံ၏စီးပွားရေးမူဝါဒအပေါ် ပြည်သူများက ဆန္ဒထုတ်ဖော်လျက်ရှိသည်။

ဩဂုတ် ၂၈ ရက်တွင် ရဲတပ်ဖွဲ့၏ သံချပ်ကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်တိုက်မိခဲ့ရာ မော်တော်ဆိုင်ကယ်မောင်းသူသေဆုံးခဲ့ပြီးနောက် ဆန္ဒထုတ်ဖော်မှု အရှိန်ပိုမိုမြင့်တက်လာခဲ့သည်။



တောင်ဆူလာဝေစီပြည်နယ်မြို့တော် မကာဆာတွင် ဩဂုတ် ၂၉ ရက်က ဒေသဆိုင်ရာပါလီမန်အဆောက်အအုံ မီးလောင်ခဲ့ရာ အနည်းဆုံး လေးဦး သေဆုံးခဲ့ကြောင်း ဒေသခံမီဒီယာများက သတင်းဖော်ပြသည်။

အဆောက်အအုံများနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများကို မီးရှို့ခြင်းနှင့် အခြားသော အဖျက်လုပ်ရပ်များကို မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီရန်တိုက နိုင်ငံ၏ပြည်တွင်းအရေးကိစ္စရပ်များကြောင့် တရုတ်နိုင်ငံသို့သွားရောက်မည့် ၎င်း၏ ခရီးစဉ်ကို ဖျက်သိမ်းရန် ယမန်နေ့က ကြေညာခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# အီရန်နှင့် အာမေးနီးယားအကြား ပြည်ပစွက်ဖက်မှုများကို ပူးပေါင်းတွန်းလှန်မည်

တီဟီရန် ဩဂုတ် ၃၁

အီရန်နှင့်အာမေးနီးယားအကြား ဆက်ဆံရေးကို ထိခိုက်စေမည့် ပြည်ပနိုင်ငံများ၏ ကြိုးပမ်းမှုများကို နှစ်နိုင်ငံပူးပေါင်း၍ တွန်းလှန်ရမည်ဖြစ်ကြောင်း အီရန် သမ္မတ မာဆော့ ပါဇက်ကီရန်က အာမေးနီးယားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး အာမန်ဂရီ ဂိုယန်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်ဟု အီရန်သမ္မတရုံး ထုတ်ပြန်ချက်အရ သိရသည်။

မိမိ၏ ယခုလအစောပိုင်းက အာမေးနီးယားနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း အပြုသဘောဆောင်သည့် ဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ပြီး သဘောတူညီချက်များရရှိခဲ့သည်ဟု အီရန် သမ္မတက ပြောကြားသည်။ ကော့ကေးရှပ်ဒေသတွင် ပြည်ပနိုင်ငံများမှ တပ်များဝင်ရောက်တပ်စွဲထားခြင်းနှင့်ပတ်သက်၍ အီရန်က စိုးရိမ်ပူပန်မှုရှိရန်မလိုအပ်ကြောင်း အာမေးနီးယားတာဝန်ရှိသူများက အီရန်တာဝန်ရှိသူများအား ပြောကြားခဲ့သည်ဟု သိရသည်။

မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှုကို မည်သည့် ပြည်ပနိုင်ငံကမျှ ဝင်ရောက်စွက်ဖက်ခြင်းပြုနိုင်မည်မဟုတ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်မည်ဟု အီရန်သမ္မတက မှတ်ချက်ပြုပြောကြားသည်။ အီရန်နှင့်အာမေးနီးယားအကြား ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရေးအတွက် အသင့်ပြင်ထားသည်ဟု အာမေးနီးယားနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး အာမန်ဂရီဂိုယန်က ပြောကြားသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးဆက်ကပ်လှူဒါန်း

မုံရွာ ဩဂုတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက်ကြီး ငါးတိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်ကျောင်းတိုက် ရှစ်ကျောင်းမှ သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပင့်သံဃာဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့် ဝတ္ထုငွေများကို လောင်းလှူကြကာ သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ လယ်တီကျောင်းတိုက်ကြီး၊ ချမ်းမြသာစည်ရပ်ကွက်ရှိ နိဂြောဓါရုံကျောင်းတိုက်ကြီးနှင့် မဏိရတနာပုံကျောင်းတိုက်ကြီးများသို့ ရောက်ရှိပြီး ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပင့်သံဃာဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် သဲဖြူဆရာတော်ကြီးအား အမှူးထား၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် မုံရွာမြို့နှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်လူနာများကို နေကာမျက်မှန်များနှင့် သောက်ဆေးများပေးအပ်ကာ မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအတွက် နေ့လယ်စာထမင်း၊ ဟင်းနှင့် သောက်ရေသန့်ဘူးများ လိုက်လံပေးအပ်ကြသည်။

အဆိုပါ မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများကို အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေးခြင်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မျက်စိဝေဒနာရှင် လူနာပေါင်း ၅၁၀၀ ကျော် စာရင်းပေးသွင်းခဲ့ရာ ယနေ့တွင် စမ်းသပ်လူနာ ၆၇၀၊ အကြီးစားခွဲစိတ်လူနာ ၅၄ ဦး၊ အသေးစားခွဲစိတ်လူနာရှစ်ဦးတို့ကို စမ်းသပ်ခွဲစိတ်ပေးပြီး ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ စမ်းသပ်ပြင်ပလူနာ ၁၉၉၂ ဦး၊ အကြီးစားခွဲစိတ်လူနာ ၁၅၁ ဦး၊ အသေးစားခွဲစိတ်လူနာ ၃၃ ဦးတို့ကို စမ်းသပ်ခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်

ကြံခင်း ဩဂုတ် ၃၁

၂၀၂၄ - ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံးမြို့နယ်ပထမရရှိခဲ့သည့် ကြံခင်းမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် သင်ပြထူးချွန် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဧရာဦးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဇော်ဟိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ မြို့နယ်ပညာရေးမှူးနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဧဟိုအလုပ်အမှုဆောင် တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က ဂုဏ်ပြုချီးမြှင့်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ပထမရရှိသည့် ဆုတံဆိပ်အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်က မြို့နယ်ပညာရေးမှူးအား ပေးအပ်သည်။ ဆက်လက်၍ ကြံခင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၃ ဦးတို့အား မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဇော်ဟိန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် သင်ပြထူးချွန်ဆရာ ဆရာမများနှင့် ထူးချွန်အောင်မြင်အောင် စွမ်းဆောင်ပေးခဲ့သော ကျောင်းများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




**ရောဦးသာ**










# လေပွေလှိုင်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃၁

**လေပွေလှိုင်းအခြေအနေ**

ယနေ့ညနေ ၅ နာရခွဲ တိုင်းထွာချက်များအရ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ ကယားပြည်နယ် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေပွေလှိုင်းအဖြစ် အားလျော့သွားခဲ့သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါလေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေပွေလှိုင်း၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေပွေလှိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ခလောက်ထောင်ရေလှောင်ကန်အတွင်း ငါးသားပေါက်ကောင်ရေ ၁၁၀၀၀၀ ငါးမျိုးစိုက်ထည့်



ဘားအံ ဩဂုတ် ၃၁

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသတွင်းငါးစားသုံးမှုဖူလုံပိုလျှံရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့ရေး၊ ဒေသခံပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ရေးအတွက် သဘာဝရေပြင်မြစ်ချောင်း အင်းအိုင်များအတွင်း နှစ်စဉ်ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ဘားအံမြို့နယ် ခလောက်ထောင်ကျေးရွာ ခလောက်ထောင်ရေလှောင်ကန်အတွင်း ငါးမျိုးများစိုက်ထည့်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခလောက်ထောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများက ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသည့် ငါးခုံးမကြီးကောင်ရေ ၆၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၁၀၀၀၀ ကို ခလောက်ထောင်ရေလှောင်ကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ငါးသားပေါက်ကောင်ရေ ၅၂၀၀၀၀ ကျော်ကို ငါးမျိုးစိုက်ထည့်ပြီးစီးခဲ့ပြီဖြစ်သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တကျော်သိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင်အားကစားကွင်း၌ ကျင်းပရာ အမျိုးသားဘောလုံးပြိုင်ပွဲသို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ဘောလုံးအသင်း ခုနစ်သင်း၊ အားကစားသမား ၁၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁-၉-၂၀၂၅ ရက်မှ ၁၀-၁၀-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊
  အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂၊အင်းကုန်းငါးဆူကျေးရွာအုပ်စု၊အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

### ❋ အိမ်ရှင်အဖြစ်မှ

မြန်မာ ယူ-၂၃ အသင်းသည် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရာ တီမောအသင်းနှင့် ထိုင်းအသင်းတို့ကို နှစ်ပွဲစလုံးသရေကျပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှဖလားခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲမကစားဘဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းကို ဂျပန်နိုင်ငံသား ကူရိုဆာကီက နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့် လေ့ကျင့်နေကာ ခြေစစ်ပွဲယှဉ်ပြိုင်ခါနီးမှ အပြီးသတ် ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် အုပ်စု(B)၌ ဂျပန်၊ ကူဝိတ်၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စု(B) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ကူဝိတ်အသင်း၊ ည ၇ နာရီတွင် ဂျပန်အသင်းနှင့် အာဖဂန်နစ္စတန်အသင်း၊ စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဂျပန်အသင်း၊ ည ၇ နာရီတွင် အာဖဂန်နစ္စတန်အသင်းနှင့် ကူဝိတ်အသင်း၊ စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်း၊ ည ၇ နာရီတွင် ဂျပန်အသင်းနှင့် ကူဝိတ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး လေးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သတင်း- ချစ်ကိုကို**
**ဓာတ်ပုံ-MFF**

### ✧ ရီးယဲလ်မက်ဒရစ်အသင်းမှ

ရီးယဲလ်မက်ဒရစ်အသင်းဟာ မာယော့ကာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါ အဖွင့်ပွဲစဉ်သုံးပွဲစလုံး အနိုင်ရရှိခဲ့ပြီး ရမှတ်ကိုးမှတ်ရရှိကာ လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုပွဲစဉ်မှာ သွင်းဂိုး ငါးဂိုး အထိသွင်းယူနိုင်ခဲ့ပေမယ့် အမ်ဘတ်ပီရဲ့ သွင်းဂိုး နှစ်ဂိုးနဲ့ ဂူလာရဲ့ သွင်းဂိုး တစ်ဂိုးတို့ကို ဂိုးအဖြစ်မသတ်မှတ်ခဲ့လို့ နှစ်ဂိုး-တစ်ဂိုး ဆိုတဲ့ရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

အခြားသောစပိန်လာလီဂါပွဲစဉ်မှာ ဆီဗီလာအသင်းက ဂျီရိုနာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

### ❖ ကျောဖုံးမှ

ကစားသမားအများစု ပါဝင်လာသည့် လာဂူနာအသင်းကလည်း အကောင်းဆုံးလူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းထက် ဂိုးကွာခြားချက်အသာရထားသည့် လာဂူနာအသင်းသည် သရေကျရုံဖြင့် အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သော်လည်း အပြန်အလှန်တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၁၃ မိနစ်တွင် လာဂူနာအသင်း ဂိုးစတင်ရရှိခဲ့ကာ ဒေးဗစ်ဆန်က သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်းသည် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး မိနစ် ၅၀ တွင် စန္ဒာလင်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာပြီး မိနစ် ၇၀ တွင် ယွန်းဝတီလှိုင်ကို ထည့်သွင်းပြီးနောက်ပိုင်း အား/ကာသိပ္ပံတိုက်စစ်ပိုကောင်းလာကာ ၇၉ မိနစ်တွင် သူ၏ အနာခံဂိုးရရန်ကြိုးပမ်းမှုမှတစ်ဆင့် ပြန်လျှံထွက်လာသော ဘောလုံးကို စန်းသော်သော်က ခေါင်းတိုက်ကာ ဒုတိယဂိုး သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၈၉ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက သွင်းယူခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် အုပ်စုပွဲများတွင် ဂူအမ်ကလပ် Strykers အသင်းကို ကိုးဂိုးပြတ်၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်းကို ရှစ်ဂိုးပြတ်၊ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ယူကာ ရာနှုန်းပြည့် အနိုင် ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မေလအထိ ကျင်းပမည်ဖြစ်ပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်စသည့် အာရှထိပ်သီးနိုင်ငံများမှ ကလပ်အသင်းများအပါအဝင် စုစုပေါင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - စိုးညွန့်သော်**


**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၆ (သစ်ထည်)၊ ရွှေလီ (၂) လမ်း၊ မြေကွက်အမှတ် (၇၈)၊ အကျယ်အဝန်း (၆၀ x ၆၀) ပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ ရောင်းအဝယ် စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ဝင်း [၁၂/ရကန(နိုင်)၀၆၃၂၄၉] မှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်းကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း -၀၉-၄၅၀၀၆၅၂၇၃**


## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်
## (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) ရာထူး ကျား(၃၅) နေရာ၊ မ(၁၅)နေရာ၊ စုစုပေါင်း ( ၅၀ ) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ၃၁-၇-၂၀၂၅ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက်( ၂၈ ) နှစ်ထက် မကျော်လွန်ရ၊ မဟာဘွဲ့ရရှိသူများသည် အသက် ( ၃၀ ) နှစ်ထက် မကျော်လွန်ရ။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

( င ) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

( စ ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဆ) အောက်ပါ ဘွဲ့/ မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[B.A(English)]၊မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A (English)]

(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့ [B.A (EPP)]၊ လုပ်ငန်းသုံးအင်္ဂလိပ်စာမဟာဘွဲ့ [M.A (EPP)]

(၃) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)၊ ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[B.Sc(Computer Science)]၊ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [ M.Sc (Computer Science)]

(၄) ဥပဒေဘွဲ့ (LL.B) ၊ မဟာဥပဒေဘွဲ့ (LL.M)

(၅) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ ဘောဂ ဗေဒပညာဘွဲ့[B.Econ(Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့[B.Econ.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့ [M.Econ. (stats)]/ စာရင်းကိုင်ပညာဘွဲ့(B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့(B.DevS)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.DevS)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (BBA)၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ပညာမဟာဘွဲ့(MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့(BPA)၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာမဟာဘွဲ့ (MPA)

(၆) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ချီးမြှင့်သော ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ ပြင်သစ် ဘာသာ/ ရုရှားဘာသာ/ဂျာမန်ဘာသာ) [B.A(English, Thai, Japan, Korea, China, French, Russia, German)]၊မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ ပြင်သစ်ဘာသာ/ ရုရှားဘာသာ/ ဂျာမန်ဘာသာ)[M.A (English, Thai, Japan, Korea, China, French, Russia, German)]

(၇) ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [B.A(IR)]၊ မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာ ဆက်ဆံရေးပညာ)[M.A (IR)]

(၈) အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[B.E.(Textile)] ၊ မဟာအင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့် အထည်) [M.E. (Textile)]

(၉) အင်ဂျင်နီယာဘွဲ့ (မက္ကာထရောနစ်) [B.E. (Mechatronic)]၊ မဟာအင်ဂျင်နီယာဘွဲ့ (မက္ကာထရောနစ်) [M.E. (Mechatronic)]

(၁၀) အင်ဂျင်နီယာဘွဲ့(စက်မှု) [B.E. (Mechnical)]၊ မဟာအင်ဂျင်နီယာဘွဲ့ (စက်မှု) [M.E.(Mechnical)]

(၁၁) အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်နှင့် ဆက်သွယ်ရေးနည်းပညာ) [B.E. (Electronic and Communication)]၊ မဟာအင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်နှင့် ဆက်သွယ်ရေးနည်းပညာ) [M.E. (Electronic and Communication)]

(၁၂) အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) [B.E. (Electrical Power)]၊ မဟာအင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား)[M.E. (Electrical Power)]

(၁၃) အင်ဂျင်နီယာဘွဲ့ (မြို့ပြ) [B.E. (Civil)]၊ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) [M.E. (Civil)]

(၁၄) အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့် နည်းပညာ)[B.E. (Information Science and Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက် သိပ္ပံနှင့်နည်းပညာ)[M.E. (Information Science and Technology)]

(၁၅) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E. (Information Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E. (Information Technology)]

(၁၆) အင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [B.E. (Computer Engineering)]၊ မဟာအင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[M.E.(Computer Engineering)]၊

(၁၇) သိပ္ပံဘွဲ့ (ရူပဗေဒ) [B.Sc (Phys)] ၊ မဟာသိပ္ပံဘွဲ့ (ရူပဗေဒ) [M.Sc (Phys)]

(၁၈) သိပ္ပံဘွဲ့ (ဓာတုဗေဒ)[ B.Sc (Chem)] ၊ မဟာသိပ္ပံဘွဲ့ (ဓာတုဗေဒ) [M.Sc (Chem)]

(၁၉) သိပ္ပံဘွဲ့ (သင်္ချာ) [B.Sc (Maths)] ၊ မဟာသိပ္ပံဘွဲ့ (သင်္ချာ) [M.Sc (Maths)]

(၂၀) သိပ္ပံဘွဲ့(ရုက္ခဗေဒ) [B.Sc (Botany)] ၊ မဟာသိပ္ပံဘွဲ့ (ရုက္ခဗေဒ) [M.Sc (Botany)]

(၂၁) သိပ္ပံဘွဲ့(သတ္တဗေဒ)[B.Sc (Zoology)]၊မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)[M.Sc (Zoology)]

(၂၂) သိပ္ပံဘွဲ့ (ဘူမိဗေဒ)[B.Sc (Geology)]၊ မဟာသိပ္ပံဘွဲ့(ဘူမိဗေဒ) [M.Sc (Geology)]

(၂၃) သိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[B.Sc(IC)]၊ မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ) [M.Sc (IC)]

(၂၄) စိုက်ပျိုးရေးသိပ္ပံဘွဲ့ [B.Agr.Sc (Agriculture Science)] စိုက်ပျိုးရေးသိပ္ပံ မဟာဘွဲ့ [M.Agr.Sc (Agriculture Science)]

(၂၅) သိပ္ပံဘွဲ့(ပတ်ဝန်းကျင်) [B.Sc(Environmental Science)] မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်) [M.Sc(Environmental Science)]

(၂၆) သိပ္ပံဘွဲ့(ဇီဝဓာတုဗေဒ)[B.Sc (Biochemistry)]၊မဟာသိပ္ပံဘွဲ့ (ဇီဝဓာတုဗေဒ) [M.Sc (Biochemistry)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

( ခ ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

( င ) ပညာအရည်အချင်းအတွက် ဘွဲ့/ မဟာဘွဲ့လက်မှတ် မူရင်း/ မိတ္တူ

( စ ) (၂) လ အတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ဓာတ်ပုံ နှစ်ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

( ဈ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေ စာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs. gov.mm နှင့် www.maccs. gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့ မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံး ဖွင့်ရက်များတွင် အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| မြစ်ကြီးနား | - | ၀၇၄-၂၅၂၇၆၃ | လွိုင်ကော် | - | ၀၈၃-၂၂၂၁၁၇ |
| မြဝတီ | - | ၀၅၈-၅၀၀၂၄ | ဘားအံ | - | ၀၅၈-၂၁၈၀၈ |
| ဟားခါး | - | ၀၇၀-၂၁၈၀၉ | မော်လမြိုင် | - | ၀၅၇-၂၀၂၁၀၆၉ |
| ကျောက်ဖြူ | - | ၀၄၃-၄၆၀၉၈ | စစ်တွေ | - | ၀၄၃-၂၀၂၁၀၁၉ |
| လားရှိုး | - | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | - | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | - | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | - | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | - | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | - | ၀၈၄-၆၀၁၇၃ |
| မုံရွာ | - | ၀၇၁-၂၁၁၆၁ | မြိတ် | - | ၀၅၉-၄၁၀၀၂ |
| ထားဝယ် | - | ၀၅၉-၂၀၂၁၂၀၃ | ကော့သောင်း | - | ၀၅၉-၅၁၀၀၅ |
| ပဲခူး | - | ၀၂၅-၆၅၄၅၅ | မကွေး | - | ၀၆၃-၂၈၇၁၆ |
| မန္တလေး | - | ၀၂-၄၀၇၀၃၂၇ | ပုသိမ် | - | ၀၄၂-၂၁၀၀၈ |
| နေပြည်တော် | - | ၀၆၇-၃၄၁၀၀၆၀ | | | |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အထိ **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့်နီးစပ်ရာ အထက်ဖော်ပြပါ မြို့နယ်အကောက်ခွန် ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ **လူကိုယ်တိုင်** လာရောက် လျှောက်ထားရမည် ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့် ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်း နှင့်လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန် သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်း နှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www. customs. gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) နှင့် အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်းယူဆောင်လာရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။ အလုပ်သင်(၁)နှစ် ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှု ကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး (လစာနှုန်းကျပ် ၁၉၈,၀၀၀-၂၀၀၀-၂၀၈,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ အကောက်ခွန်ဦးစီးဌာနရှိ ပညာရပ်နှင့်သက်ဆိုင်သောဌာနခွဲများ၌ (၅)နှစ် တာဝန်ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်ပြည့်ပြီးမှသာ အခြားဌာနခွဲနှင့် အခြား နယ်မြေရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များ ဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည် ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အကောက်ခွန် ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အထက-(၂) ကျောင်းမှ အထက်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်မေဇွန်အောင် [၉/မထလ(နိုင်) ၂၇၂၃၅၅]၏ ဖခင် ဦးဝင်းညွန့်နှင့် ဦးဝင်းမြင့်သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၄၊ ဦးပိုင်အမှတ်-၃၈/၄၆x၄၇လမ်းကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အားစေ [၁၃/တကန(နိုင်) ၀၀၇၂၇၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၃၊ ဦးပိုင်အမှတ်- ၈၆၊ ၄၇x၄၈ကြား၊ ၁၀၇x၁၀၈လမ်းကြား ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကြည် [၉/မရတ(နိုင်)၁၀၆၈၃၄]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၈၂၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပြည့်ဖြိုးဝေ [၁၃/ကခန(နိုင်)၀၈၉၉၃၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၇)၊ ဦးပိုင်အမှတ်(၇၇)၊၆၃လမ်း၊ ၁၃၂x၁၃၃လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ငွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၂၅၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဆွေ(ခ)ဝင်းနိုင် [၉/မရမ(နိုင်) ၀၅၇၁၃၇]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၂၅၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ဘီ(တောင်သူကုန်း)၊ မြေကွက်အမှတ်- ၁/အ-၂၉[C2]၊ ဧရိယာ(၀.၀၅၆)ဧကရှိ မြေပိုင်မြေ၊ လ/န-၃(ခ)ရပြီး၊ နော်ခင်လှမင်း [၁၂/အစန(နိုင်)၀၆၃၃၃၆] အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၃၄၇၊ သာယာအေး(၂)လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် (၁)ထပ်တိုက်နေအိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို နော်ခင်လှမင်း [၁၂/အစန(နိုင်)၀၆၃၃၃၆]မှ ညီမဖြစ်သူ နော်စုသက်ယဉ်[၁၂/အစန(နိုင်)၀၆၃၀၆၇] အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မျိုးဝင်း(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၀၈)**
**အမှတ် ၁၀/၁၂၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၇၄၉၁၇၁၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ် (၅၄၈/က)၊ဧရိယာ(၀.၀၂၇)ဧက၊ အကျယ်အဝန်း(၂၀ ပေx ၆၀ ပေ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားနေထိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ ဦးပြည်သိန်း[၁၂/မဂတ(နိုင်)၀၉၇၀၈၉]နှင့် ဒေါ်ညွန့်လှိုင် [၁၂/ကတတ(နိုင်)၀၃၀၈၆၃]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)အထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စိုးယုယုကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၃/၂၀၁၇)**
**အမှတ် ၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ 09-443237062, 09-795256881**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၁

| | | |
|---|---|---|
| ဒေါ်ခိုင်ခိုင်စု | နှင့် | ဦးစံလင်းအောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ အောင်သိဒ္ဓိ (၁)လမ်း၊ အမှတ် (၅၀/က)ရပ်နေ တရားပြိုင် ဦးစံလင်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **လင်မယား ကွာရှင်းပြတ်စဲပေးစေလိုကြောင်း** နှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြည့်ပြည့်ထင်ကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂရပ်ကွက်၊ အကွက်အမှတ်အ-၈၊ ဦးပိုင်အမှတ်-၁၁၄၊ ၆၄x၆၅ကြား၊ ၁၁၈x၁၁၉လမ်းကြားရှိ ဦးမောင်ကို အမည်ပေါက် တောဂရန် မြေကွက်အား တရားလိုဦးလှစိန်က တရားပြိုင် ဦးမောင်ကိုအပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၆၉/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးလှစိန်[၁၃/နခန(နိုင်)၀၃၃၅၇၉]က မြေကွက်၏ မြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်၇၆၁၊ ဦးပိုင်အမှတ်-၁၅/၃၂x၃၃လမ်းကြား၊ ၆၇x၆၈လမ်းကြားရှိ ဦးစောလွင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးစောလွင်၊ မိခင်ဒေါ်ခင်မာဝင်းတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးမင်းဟန်[၉/မရမ(နိုင်)၀၁၅၃၈၅]၊ ဦးကျော်ငြိမ်း[၉/မရမ(နိုင်)၀၁၅၃၇၈]၊ ဦးအောင်ဝင်းလွင်[၉/မရမ(နိုင်)၀၁၅၃၉၁] ဒေါ်ရွှေယဉ်မိုး[၉/ခအဇ(နိုင်)၀၀၅၄၅၁]၊ ဒေါ်မွန်မွန်ဟန်[၉/မရမ(နိုင်)၀၈၉၇၃၆] တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်
## (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (ဂ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ) အဆင့်ရှိသူဖြစ်ရမည်။ |
| (ဃ) | အကောက်ခွန်ထိန်း (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၄၀)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( ဂ ) အပိုဒ် ၁၊ (က)(ခ) ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၈) နှစ်ထက် မကျော်လွန်စေရ။

(ဃ) အပိုဒ် ၁၊ (က)(ခ) ပါရာထူးနေရာများအတွက် လက်ရှိအကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းများ ဖြစ်ပါက ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်စေရ။

(င) အပိုဒ် ၁၊ (ဂ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။

(စ) အပိုဒ် ၁၊ (ဃ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၅) နှစ်ထက် မကျော်လွန်စေရ။

(ဆ) အပိုဒ် ၁၊ (ဂ)(ဃ) ရာထူးနေရာများအတွက် အမျိုးသားများသာ လျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ

(ဃ) အပိုဒ် ၁၊ (က)(ခ) ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မူရင်း/မိတ္တူ

(င) အပိုဒ် ၁၊ (ဂ) ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/ မိတ္တူ နှင့် ယာဉ်မောင်း လိုင်စင် မူရင်း/မိတ္တူ

(စ) အပိုဒ် ၁၊ (ဃ) ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/ မိတ္တူ

(ဆ) (၂) လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ' ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်

(ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ည) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/ မိတ္တူ (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်) (သက်တမ်းတိုးပြီး)

၅။ အပိုဒ် ၁၊ (က)(ခ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ အပိုဒ် ၁၊ (ဂ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အပိုဒ် ၁၊ (ဃ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည် ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ ရေကူးကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက် ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ် (၂၀၅/၂၁၁)၊ ၄၉-လမ်းနှင့် လမ်း-၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)**တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၉။ လျှောက်လွှာများ လက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတား မြို့နယ်မှ ပေးပို့လာသည့် အလလခ (ပုံစံ-၆)တွင် အမည်စာရင်းပါရှိသူများ၏ လျှောက်လွှာများကိုသာ ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အထိ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ **လူကိုယ်တိုင်**လာရောက်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လျှောက်ထားသော ရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း နှင့် ဖြေဆိုမည့် ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှေ့** ကြော်ငြာ **သင်ပုန်း၊ အမှတ် (၂၀၅/၂၁၁)၊ ၄၉-လမ်းနှင့် လမ်း-၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www.customs.gov.mm နှင့် www.maccs.gov.mm**၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၂။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့်အတူ လျှောက်လွှာ လက်ခံဖြတ်ပိုင်းအား တစ်ပါတည်း ယူဆောင်လာရမည်။

၁၃။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအလိုက် တင်ပြရန်လိုအပ်သော မူရင်းလက်မှတ်များဖြစ်သည့် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာ ကျောင်း၏ ထောက်ခံချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း- ၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်
## (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူး ကျား (၆)နေရာ၊ မ (၄) နေရာ၊ စုစုပေါင်း (၁၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ၃၁ - ၇ -၂၀၂၅ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်ရ။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

( င ) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

( စ ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဆ) အောက်ပါဘာသာရပ်များဖြင့် မဟာဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်-

| စဉ် | ဘွဲ့အမည် |
|---|---|
| ( ၁ ) | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| ( ၂ ) | နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှချီးမြှင့်သော မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ) [M.A (English, Thai, Japan, Korea, China, French, Russia, German)] |
| ( ၃ ) | မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A (IR)] |
| ( ၄ ) | မဟာဥပဒေဘွဲ့ (LL.M) |
| ( ၅ ) | ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့ (M.Com)/ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ (Eco)] / စာရင်းအင်းပညာမဟာဘွဲ့ [M.Econs.(Stats)]/ စာရင်းကိုင်ပညာ မဟာဘွဲ့ (M.Act)/ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့ (M.DevS)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA)/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA) |
| ( ၆ ) | စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့ [M.Agr.Sc (Agriculture Science)] |
| ( ၇ ) | မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်) [ M.Sc (Environmental Science)] |
| ( ၈ ) | တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ [M.V.Sc. (Pathology)]/ [M.V.Sc. (Microbiology)] |
| ( ၉ ) | မဟာအင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[M.E (Information Science and Technology)] |
| (၁၀) | မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (Information Technology)] |
| (၁၁) | မဟာအင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [M.E (Computer Engineering)] |
| (၁၂) | မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်) [M.E. (Textile)] |
| (၁၃) | မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)၊ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [M.Sc(Computer Science)] |

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

( ခ ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

( င ) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ်မူရင်း/ မိတ္တူ

( စ ) (၂) လ အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

( ဈ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www.customs.gov.mm နှင့် www.maccs.gov.mm**၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန် သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင်** လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| မြစ်ကြီးနား | ၀၇၄-၂၅၂၃၇၆၃ | လွိုင်ကော် | ၀၈၃-၂၂၂၁၁၇ |
| မြဝတီ | ၀၅၈-၅၀၀၂၄ | ဘားအံ | ၀၅၈-၂၁၈၀၈ |
| ဟားခါး | ၀၇၀-၂၁၈၀၉ | မော်လမြိုင် | ၀၅၇-၂၀၂၁၀၆၉ |
| ကျောက်ဖြူ | ၀၄၃-၄၆၀၉၈ | စစ်တွေ | ၀၄၃-၂၀၂၁၀၁၉ |
| လားရှိုး | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | ၀၈၄-၆၀၁၇၃ |
| မုံရွာ | ၀၇၁-၂၁၁၆၁ | မြိတ် | ၀၅၉-၄၁၀၀၂ |
| ထားဝယ် | ၀၅၉-၂၀၂၁၂၀၃ | ကော့သောင်း | ၀၅၉-၅၁၀၀၅ |
| ပဲခူး | ၀၂၅-၆၅၄၅၅ | မကွေး | ၀၆၃-၂၈၇၁၆ |
| မန္တလေး | ၀၂-၄၀၇၀၃၂၇ | ပုသိမ် | ၀၄၂-၂၁၀၀၈ |
| နေပြည်တော် | ၀၆၇-၃၄၁၀၀၆၀ | | |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၂၀ -၁၀-၂၀၂၅ ရက်နေ့မှ ၂၄ - ၁၀ -၂၀၂၅ ရက်နေ့အထိ **ရန်ကုန်မြို့ (အကောက်ခွန် သင်တန်းကျောင်း) နှင့် နီးစပ်ရာ အထက်ဖော်ပြပါမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး**များတွင် အပိုဒ်(၄)ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ် တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်း နှင့်လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန် သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www.customs.gov.mm နှင့် www.maccs.gov.mm**၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ အကောက်ခွန်ဦးစီးဌာနရှိ ပညာရပ်နှင့်သက်ဆိုင်သောဌာနခွဲများ၌ (၅)နှစ် တာဝန်ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုရမည် ဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်ပြည့်ပြီးမှသာ အခြားဌာနခွဲနှင့် အခြားနယ်မြေရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**



# မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ပညာမော်ကွန်း ကိုယ်ပိုင်အထက်တန်းကျောင်း(မူ/ဆင့်ပါ) မှ မဆုသရဖီကျော်၏ မိဘအမည်ရင်းအမှန်မှာ ဦးသီဟဌွေး [၇/နတလ(နိုင်)၁၆၈၇၇၆]နှင့် ဒေါ်ခိုင်ခိုင်ဝါ[၇/ဇကန(နိုင်)၀၅၂၃၆၆] ဖြစ်ပါသည်။

# ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၃)၊ ဦးပိုင်အမှတ်(၈၅)၊ ၄၇x၄၈ ကြား၊ ၁၀၇x၁၀၈ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကြည် [၉/မရတ(နိုင်)၁၀၆၈၃၄] ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၉၁၈/၂၀၂၃)ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်ပြည့်ဖြိုးဝေ [၁၃/ကခန(နိုင်)၀၈၉၉၃၆] က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တောင်သမန်ရပ်ကွက်၊ အကွက်အမှတ် (၅၉၃)၊ ဦးပိုင်အမှတ် (၁၁၈/၁-ခ+ ၁၂၄/၁-က+၁၂၅/၂) တောင်သမန်ကန်ပတ်လမ်းxရတနာပုံတက္ကသိုလ်အဝင်လမ်း အနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စုမြတ်သိန်း [၁/မကန(နိုင်)၁၀၆၅၅၀] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ် (၅၈၀-က)၊ ဦးပိုင်အမှတ် (၃/၃/ထုံးဖို-မြစ်ငယ်လမ်းမလမ်း) မန်ကျည်းချိုတောရလမ်း၊ ဘုန်းကြီးကျောင်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးဌေး [၉/မရတ(နိုင်)၀၄၂၅၆၄] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၈၂/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးကျော်ဌေး [၁၃/လရန(နိုင်)၁၂၈၀၇၀] က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တပ်ကြပ်ကြီး/စာရေး အောင်မျိုးဦး
### (ကပ-၉၀၆၆၉၅)
### အသက်(၅၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နေ (ဦးတင်မြိုင်-ဒေါ်မြင့်မြင့်(ခ) ဒေါ်တုတ်ခိုင်)တို့၏ သားကြီး၊ ဒေါ်စန်းစန်းမိုး၊ ဦးအောင်သိန်းထွဋ်- ဒေါ်စန္ဒာစိုး၊ ဒေါ်ဝါဝါသိမ့်တို့၏ အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ချော်တွင်းကုန်းအိမ်ရာနေ ဒေါ်ခင်အေးစိန်(ခ)မအကြီးမ ၏ ချစ်လှစွာသော ခင်ပွန်းသည် ၃၁-၈-၂၀၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၁၀:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၉-၂၀၂၅ရက်(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း(မင်္ဂလာဒုံ)သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

(ချော်တွင်းကုန်းနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၂၅ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၉၀)၊ ဦးပိုင်အမှတ်- ၃၅-ခ(ခဲစင်း)၊ ၈၉x၉၀ ကြား၊ ၁၅x၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးသန်းဆောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၅၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ရှိန်၏ (GP ရရှိသူ ဒေါ်မွန်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၇၆၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဆန်ဒိပ်(ခ)နေလင်းထိုက် [၁၃/နခတ(နိုင်)၁၀၄၅၄၅]က အမှုတွဲအမှတ်(၂၂၅၃/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၄)၊ ဦးပိုင်အမှတ်(၅)၊ ၁၄x၁၅ ကြား၊ ၈၆x၈၇ လမ်းကြားရှိ ဒေါ်သန်းခင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၉၂၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဖြူဖြူသင်း၊ ဒေါ်ကေသွယ်အေး၊ ဒေါ်ထက်ထက်ဖွေးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၆၅၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသူရအောင် [၉/ခအဇ(နိုင်)၀၀၄၃၀၈]ကအမှုတွဲအမှတ် (၀၂၈၀/ဘ(ပြောင်း)၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၉)၊ ဦးပိုင်အမှတ်- ၄၀-ထ/၁(ခဲစင်း)၊ ၂၅ လမ်းx သင်္ဘော ချောင်းပတ်လမ်းကြား၊ ၉၁ လမ်းရှိ ဒေါ်သူဇာမြင့်၊ ဒေါ်နီလာမြင့်၊ ဒေါ်မျိုးသီတာအေးတို့ (၃)ဦးအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၇၁၃/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သူဇာမြင့် [၉/မနတ(နိုင်) ၀၀၄၃၃၇]၊ ဒေါ်နီလာမြင့် [၉/မနတ(နိုင်)၁၀၁၆၆၇]တို့က အမှုတွဲအမှတ် (၀၂၇၉/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက် အမှတ် (၂၄၅)၊ ဦးပိုင်အမှတ်(၁၀-က)၊ ၂၆x၂၇ ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဦးလှမောင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၉၄၄/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စမ်းယုမွန်၏ (GP ရရှိသူ ဦးစိန်ဝင်း)၊ ဒေါ်မြသက်မွန်တို့ (၂)ဦးအနက် ဒေါ်စမ်းယုမွန်၏ (GP ရရှိသူ ဦးစိန်ဝင်း)ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၃၉၄၅/၂၀၁၆)ဖြင့် လက်ခံခဲ့သူ ဒေါ်မြသက်မွန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၈၆၂/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သော ဦးဝီဝီ[၉/မတရ (နိုင်)၀၉၅၅၀၇]၊ ဒေါ်မာလာမြင့်[၉/မတရ(နိုင်)၀၀၁၄၀၄] တို့ကအမှုတွဲအမှတ် (၀၂၈၁/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက် အမှတ် (ညည-၁၀)၊ ဦးပိုင်အမှတ်- (၇၆)၊ ၆၀x၆၁ ကြား၊ ၁၂၂x၁၂၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်လွင်၏ (SP ရရှိသူ ဒေါ်သိန်းသိန်းထွေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၄၃၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးတင့်နိုင်ဦး[၁၃/လရန (နိုင်)၁၆၅၅၄၂]၊ ဒေါ်နန်းစံမွမ်းခမ်း [၁၃/မဆတ(နိုင်)၀၄၇၆၂၄]တို့က အမှုတွဲအမှတ်(၂၂၄၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့်အသက်ကယ်ပါ**

## ဒေါ်စန္ဒာသန်း
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဦးအောင်ကျော်သန်း-(ဒေါ်ရီရီ)တို့၏ သမီးလတ်၊ (ဒေါ်ဥမ္မာသန်း)၏ ညီမ၊ ဦးဦးညိုဝင်း-ဒေါ်ဇင်မာသန်းတို့၏ အစ်မ၊ ဦးစန်းလွင် [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး]၏ ချစ်လှစွာသောဇနီး၊ မောင်အောင် ခေတ်ပိုင်(ခ)ခေတ်မင်းပိုင်၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီးသည် ၃၁-၈-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၉-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

(၂၉-၅-၂၀၂၅)ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ် မင်္ဂလာကြေးငွေပေး ကတိစာချုပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့သော မြေကွက်ဖြစ်သည့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၁)၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ မြေကွက် အမှတ် (၁၀၂+၁၀၃)အနက်မှ (၁၀၃)အစိတ်အပိုင်းပါ မြေအကျယ်အဝန်း (၂.၁၇၈) ဧကရှိ (ရောင်းချသူ) အမည်ပေါက် ဦးမျိုးဇော်ထွန်း (ဘ) ဦးထွန်းလင်း [၁၂/ လမန(နိုင်) ၁၂၀၃၂၇] ဟုခေါ်တွင်သော မြေကွက်အား ဝယ်ယူသူ ကျွန်ုပ်၏ မိတ်ဆွေမှ ဆက်လက်ဝယ်ယူရန် ဆန္ဒမရှိပါသဖြင့် အဆိုပါအရောင်းအဝယ်အား (၃၀-၈-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူဖျက်သိမ်းကြောင်းစာချုပ် ချုပ်ဆိုပြီး ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ် ဖျက်သိမ်းပြီးစီးကြောင်းနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၁၈၂၂)**
**အမှတ် (၈/၃၇၅-က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၂၈၂)၊ ၅၈ လမ်း၊ ၃၃x၃၄ လမ်းကြားရှိ ဦးစိုးလှိုင်၊ ဦးစိုးသက်ပိုင်၊ ဒေါ်စိုးသက်ခိုင်တို့ (၃)ဦးအမည်ပေါက် ဂရန် မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၉၄၆/၂၀၂၅)ဖြင့်အမွေဆက်ခံ ခဲ့သော ဦးစိုးသက်ပိုင် [၉/မရမ(နိုင်)၀၄၁၀၃၄]၊ ဒေါ်စိုးသက်ခိုင်[၉/မရမ (နိုင်)၀၄၃၃၂၀]တို့က အမှုတွဲအမှတ်(၂၂၅၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက် အမှတ်(ဟ-၁၅)၊ ဦးပိုင်အမှတ်- (၃၆)၊ ၇၄ (A)လမ်း၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီညွန့်၏ (GP ရရှိသူ ဒေါ်စန္ဒာမြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၂၂/ ၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးမြသန္တာ [၇/ဇကန(နိုင်)၀၀၆၅၉၅] ကအမှုတွဲအမှတ်(၂၂၆၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ်(ယ-၃)၊ ဦးပိုင်အမှတ် (၄၅)၊ ၇၁ x ၇၂ ကြား၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ပိုပို(ခ)ဒေါ်မြသီ၊ ဒေါ်အိအိထွန်း၏ (GP ရရှိသူ ဒေါ်မီမီမျိုး)ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၁၉၀၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန္ဒာဦး [၇/ပခန(နိုင်)၀၀၄၀၉၂]က အမှုတွဲအမှတ်(၂၂၄၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက် အမှတ် (နန-၈)၊ ဦးပိုင်အမှတ်- ၂၄(ခဲစင်း)၊ ၆၂(B)လမ်း၊ ၁၃၂x၁၃၃ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ပေါက်စထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာမြင့်[၁၃/သပန(နိုင်)၀၃၃၃၁၅]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၂၅၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရဟန်းဒါယိကာမကြီး
## ဒေါ်တင်အေး
### အငြိမ်းစား ဆရာမကြီး (အ.ထ.က-၁)
### အသက်(၉၀)

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ အိမ်အမှတ် (၅၆)နေ (ဦးထွန်းအောင် - ဒေါ်သိန်းနွယ်)တို့၏ သမီး၊ (ဦးစိုင်းညိုမြင့်)၏ ချစ်လှစွာသောဇနီး၊ ဦးချစ်ညိုဦး (C/E, P.I.L) - ဒေါ်စောဥမ္မာမြင့်၊ ဦးခင်မောင်ညို - ဒေါ်ခက်ခက်မြင့်၊ ဦးချစ်ညိုထွေး-ဒေါ်မြမြသက်၊ ဦးခင်မောင်ကျော်-ဒေါ်နွယ်နွယ်မြင့်၊ ဦးစိုင်းဝဏ္ဏညို- ဒေါ်ဝင်းမာစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃၀-၈-၂၀၂၅ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၅ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီ တွင် ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄၆/၈) ဦးချစ်ညိုဦး-ဒေါ်စောဥမ္မာမြင့် နေအိမ်မှ သရဏဂုံတင်ပြီး ဟိန္နျုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ရက်လည် ဆွမ်းကျွေးတရားမြတ်ကို အတူတကွနာယူ အမျှပေးဝေလိုပါ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ် (ပပ-၈)၊ ဦးပိုင်အမှတ် (၆၇)၊ ၆၃(A)လမ်း၊ ၁၃၄x၁၃၅ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဝင်း ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၂၆၅၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းသန်းဌေး [၉/မနမ(နိုင်) ၀၃၀၂၄၅]က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၂၂၅၈/ ၂၀၂၅-၂၀၂၆)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၁)၊ ဦးပိုင်အမှတ်(၃၉)၊ ၅၉(B)လမ်း၊ ၁၀၂x၁၀၃ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင် [၅/ကသန(နိုင်)၀၀၁၆၆၀]၏ (SP ရရှိသူ ဦးမြသွေး)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၂၅၄/၂၀၂၅-၂၀၂၆)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ်(အ-၆)၊ ဦးပိုင်အမှတ် (၁၀၇)၊ ၆၇x၆၈ ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးလှရွှေ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၆၈/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းရင်[၇/ပခန(နိုင်)၁၉၃၀၈၇]၏ (SP ရရှိသူ ဦးကျော်ဌေး)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၂၄၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ ကျွန်းရွှေဝါလမ်း၊ မြေကွက် အမှတ် - ၈၈၇၊ ဧရိယာအကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိသော ဗိုလ်မှူးမြင့်မော် အမည်ပေါက်ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ပေ x၆၀ပေ) ရှိသောပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇင်မင်းသန့်(ဘ)ဦးကြည်ဝင်း မှတ်ပုံတင်အမှတ်[၁၄/ဖပန (နိုင်)၀၉၉၁၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက် မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လင်း LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ် - ၂၅၃၇၄) (၂၀၀၇)**
**အမှတ်(၇၈)၊ အခန်းအမှတ် (၇၀၄)၊ ၆ လွှာ၊ Golden River Residence၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၆၄၂၀၇၅၇**

## ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရောင်းချသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက် လမ်း၊ မုဒိတာအိမ်ရာ (၂)၊ 2B- 874 တိုက်ခန်းအား ဒေါ်သန်းသန်းဆင့် (ဘ) ဦးညွန့်မောင် [၈/မဘန(နိုင်)၀၀၇၇၃၈] ကိုင်ဆောင်သူမှ တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီတွင် ကနဦး အမည်ပေါက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်သန်းသန်းဆင့်ထံမှ (၇-၃-၂၀၁၄)နေ့တွင် ဒေါ်အိဖြူစင် (ဘ) ဦးကျော်အေး [၉/လဝန(နိုင်)၁၃၅၈၀၀]မှ ဝယ်ယူခဲ့၍ ဒေါ်အိဖြူစင် အမည်ဖြင့် တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီတွင် အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ ကျွန်ုပ်၏ အမှုသည် ဦးကျော်စိုးဝင်း (ဘ) ဦးအောင်ဌေး [၁၂/ဗတထ(နိုင်)၀၀၄၄၆၄] သည် ဒေါ်အိဖြူစင်ထံမှ (၂၈-၅-၂၀၁၇)တွင် ထပ်မံဝယ်ယူခဲ့ပါသည်။ ယခုအခါ ယင်းတိုက်ခန်းအား ဦးကျော်စိုးဝင်း အမည်ပေါက်ပြောင်းလဲရန်အတွက် ဒေါ်အိဖြူစင်နှင့် ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရရှိပါ။ ထို့ကြောင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင် ဦးကျော်စိုးဝင်း အမည်ပေါက် ပြောင်းလဲမည်ဖြစ်ပါသဖြင့် အမည်ပေါက်ပြောင်းလဲရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်(၃၀)အတွင်း တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီတွင် လည်းကောင်း၊ ကျွန်ုပ်ထံတွင် လည်းကောင်း စာရွက်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင် (LL.B) (D.I.L), (D.B.L)**
**အထက်တန်းရှေ့နေ (စဉ်- ၄၆၀၁၁) (၂၉-၅-၂၀၁၅)**
**၂အေ-၃၈၂၊ မုဒိတာအိမ်ရာ(၂)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၅၄၉၉၇၈၂**

**နေရောင်**
**အောက်က**
**သက်ရှိတွေကို**
**စောင့်ရှောက်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

❖ **စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးအတွက် လိုအပ်သည့်သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြည့်သွင်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပြီး စိုက်နည်းစနစ်များလည်း မှန်ကန်မှုရှိရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# ဖိလစ်ပိုင်ကလပ်ကို အနိုင်ယူပြီး အား/ကာသိပွဲအသင်း အာရှအမျိုးသမီး ချန်ပီယံလိဂ် ခြေစစ်ပွဲအောင်မြင်



အား/ကာသိပွဲအမျိုးသမီးကစားသမားများ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။

ရန်ကုန် ဩဂုတ် ၃၁

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ် ခြေစစ်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို ဩဂုတ် ၃၁ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ကျင်းပရာ မြန်မာကလပ် အား/ကာသိပွဲအသင်းက ဖိလစ်ပိုင်ကလပ် စတေလီယန်လာဂူနာ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

မြန်မာကလပ် အား/ကာသိပွဲအသင်းသည် နောက်မှလိုက်ကစားရသော်လည်း ဒုတိယပိုင်းတွင် အကောင်းဆုံးပုံစံ၊ အကောင်းဆုံး စွမ်းဆောင်ရည်တို့ဖြင့် ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အား/ကာသိပွဲအသင်းသည် ခြေစစ်ပွဲအုပ်စုသုံးပွဲစလုံး အနိုင်ရရှိကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အား/ကာသိပွဲအသင်းတွင် အဓိက တိုက်စစ်မှူး မေထက်လူ မပါဝင်နိုင်သော်လည်း ခင်မာလာထွန်း၊ ဖြူဖြူဝင်း၊ စန်းသော်သော်၊ လင်းမြင့်မိုရ်၊ ရွှေရည်ထွန်းတို့ဖြင့် လူစုံခဲ့ပြီး ဖိလစ်ပိုင်လက်ရွေးစင်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖

# အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် မြန်မာအသင်း အပြီးသတ်ပြင်ဆင်နေ

ရန်ကုန် ဩဂုတ် ၃၁

မြန်မာ ယူ-၂၃ လူငယ်လက်ရွေးစင်အသင်းသည် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအုပ်စု(B)ပွဲစဉ်များအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာယူ-၂၃ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒုတိယမြောက်ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မတ်လကတည်းက စတင်ပြင်ဆင်ခဲ့ပြီး မတ်လနိုင်ငံတကာရက်သတ္တပတ်တွင် ဟောင်ကောင် ယူ-၂၃ အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲ နှစ်ပွဲ၊ ဇွန်လနိုင်ငံတကာရက်သတ္တပတ်တွင် တရုတ် ယူ-၂၃ အသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✻



မြန်မာ ယူ-၂၃ အသင်း လေ့ကျင့်နေစဉ်။



ရီးယဲလ်မက်ဒရစ်အသင်းနှင့် မာယော့ကာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါအဖွင့်ပွဲစဉ် သုံးပွဲစလုံးအနိုင်ရပြီး လာလီဂါအမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မာယော့ကာအသင်းတို့ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၃)မှာ ရီးယဲလ်မက်ဒရစ်အသင်းက မာယော့ကာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၇ မိနစ်မှာ ဂူလာက တစ်ဂိုး၊ ၃၈ မိနစ်မှာ ဗီနီစီးယပ်ဂျူနီယာက တစ်ဂိုး သွင်းယူပေးခဲ့ပြီး မာယော့ကာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၁၈ မိနစ်မှာ မူရီကီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ✧

## ယနေ့ ဖတ်စရာ


**နေပြည်တော်အတွင်းရှိ သစ်တောစိုက်ခင်းများ၊ သုတေသနစမ်းသပ်ကွက်များနှင့် အမြန်လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်** စာမျက်နှာ ၁၂

**အဖျက်သမားစိတ် အဖျက်သမားလုပ်ရပ် ...**



ဆောင်းပါး စာမျက်နှာ ၁၆

**အမေရိကန် ကွန်ဂရက်လွှတ်တော်က ခွင့်ပြုထားသည့် နိုင်ငံခြားအကူအညီ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံကို ဖျက်သိမ်းရန် သမ္မတထရမ့် ကြေညာ** စာမျက်နှာ ၂၁